မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၉၆)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ် ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်း

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပရိယတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား စာမျက်နှာ ၅ ကော်လံ ၁ ●

မြန်မာတို့သည် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာအာဏာကို တန်ဖိုးထားသည့်စိတ်ဓာတ် ကိုယ့်အမျိုးသားရေးဂုဏ်သိက္ခာကို အထိပါးမခံသည့်စိတ်ဓာတ်များကို ပိုင်ဆိုင်သူများဖြစ်

နိုင်ငံတစ်ဝန်းလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်နေမှုများသည် နိုင်ငံတော်သစ်အတွက် ခိုင်မာသောအခြေခံအုတ်မြစ်များ တည်ဆောက်ပေးနေခြင်းဖြစ်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဖြစ်သော ကျက်သရေမင်္ဂလာအပေါင်း ခညောင်းပြည့်စုံသည့် ဤနေ့ထူးနေ့မြတ် မင်္ဂလာအခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အား ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စဂုနလက်ရှ်မီး ရှားမား (ဘီရှီးကာရာမာ) အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ နီပေါနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စဂုနလက်ရှ်မီး ရှားမား(ဘီရှီးကာရာမာ)သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ ❒

လွတ်လပ်ရေးနေ့အထူးထုတ်အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအထူးထုတ် ရောင်စုံအချပ်ပိုလေးမျက်နှာ ပူးတွဲပါရှိပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၄ရက်)

ဘိုးဘွားအစဉ်အဆက် ရယူတည်ဆောက်ခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်

၂၀၀၈ခုနှစ် ဇန်နဝါရီလ ၄ ရက် (ယနေ့)သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်။

၁၉ ရာစုနှောင်းပိုင်း၌ ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲကာ မတရားသိမ်းပိုက်မှုကြောင့် မြန်မာ့အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရဖူးသည်။ သူ့ကျွန်မခံလိုသော တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ဇာတိသွေး ဇာတိမာန် ထက်သန်သောစိတ်ဓာတ်၊ စည်းလုံးညီညွတ်သော စွမ်းအားတို့ဖြင့် နယ်ချဲ့တို့အား ရှုပ်ရှုပ်ချချ တွန်းလှန်တိုက်ဖျက်ခဲ့ရာ လွတ်လပ်သော နိုင်ငံတော်ဘဝသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့၏ အသက်သွေးချွေးများစွာ ပေးဆပ်ရယူခဲ့ရသည့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်သတိရနေကြရမည် ဖြစ်သည်။

ယခုအခါ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ပေါ်ထွန်းရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အဆင့်ဆင့်ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ရေးဆွဲနေပြီ ဖြစ်သည်။

ယနေ့ခေတ်လူငယ်များအနေဖြင့် လွတ်လပ်ရေးဆုံးရှုံးရသည့်နိုင်ငံ၊ လွတ်လပ်မှုမရှိသည့် လူမျိုးဘဝတွင် နယ်ချဲ့အုပ်စိုးသူများက စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကအစ ကုပ်သွေးစုပ် အမြတ်ထုတ်လုပ်ရပ်များကို အမှုမဲ့အမှတ်မဲ့ မနေဘဲ အမြဲသတိမူ မှတ်သားထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဘိုးဘွားအစဉ်အဆက် အသက်နှင့်ရင်း၍ ရယူတည်ဆောက်ပေးခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အစဉ်တန်ဖိုးထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေး တူညီသောစိတ်ထားဖြင့် လက်တွဲညီညီ ပူးပေါင်း တည်ဆောက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆူးလေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြို့ ဆူးလေစေတီတော်မြတ်ကြီး၏ (၉၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဂေါပကအဖွဲ့ကကြီးမှူး၍ ဇန်နဝါရီ ၁၆ရက်မှ ၂၀ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇာအနေဖြင့် ဇန်နဝါရီ ၁၅ ရက်မှ ၁၉ရက်အထိ ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်ခြင်း၊ ဓမ္မပူဇာအနေဖြင့် ဇန်နဝါရီ ၁၁ရက်မှ ၁၉ရက်အထိ အသံမစဲ အဘိဓမ္မာခုနှစ်ကျမ်း ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃပူဇာအနေဖြင့် ဇန်နဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် သံဃာအပါး ၁၈၀၊ သီလရှင်အပါး ၅၀တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်းတို့ကို ကျင်းပသွားမည်ဖြစ်ရာ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၃၇၁၅၆၁၊ ၃၇၁၅၆၂နှင့် ၃၇၁၅၆၃ တို့သို့ ဆက်သွယ်၍ဖြစ်စေ ကုသိုလ်ပြု ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မီဒီယာဂရု(ပ်) နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မီဒီယာဂရု(ပ်)၏ တတိယအကြိမ် နှစ်ပတ်လည်နေ့ ညစာစားပွဲကို ဒီဇင်ဘာ ၃၁ရက် ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ဟိုတယ်နီကိုးလ်၌ ကျင်းပရာ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ ပြင်ပစာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ရန်ကုန် မီဒီယာဂရု(ပ်)မှ အမှုဆောင်အရာရှိချုပ်နှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ ရန်ကုန် မီဒီယာဂရု(ပ်) အမှုဆောင်အရာရှိချုပ် ဦးကိုကို(ကိုကိုစက်မှုတက္ကသိုလ်)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဦးတင့်ဆွေက ဂုဏ်ပြုစကား ပြောကြားသည်။

ပေးအပ်

ထို့နောက် ရန်ကုန်မီဒီယာဂရု(ပ်)မှ ဝန်ထမ်းများအား ၂၀၀၇ ခုနှစ်အတွက် ဆုကြေးငွေများကိုအမှုဆောင်အရာရှိချုပ် ဦးကိုကို **(အောက်ပုံ)**၊ အမှုဆောင် ဒါရိုက်တာ(စီမံ) ဒေါ်မြတ်မြတ်စိုးနှင့် အမှုဆောင် ဒါရိုက်တာ(မားကက်တင်း) ဦးဝဏ္ဏတို့က ပေးအပ်ချီးမြှင့်ကြသည်။

ဆုများချီးမြှင့်

ယင်းနောက် အကောင်းဆုံး ဝန်ထမ်းဆုရရှိကြသူများ၊ အကောင်းဆုံး သတင်းထောက်ဆုရရှိကြသူများ၊ ရက်ပျက်မရှိ ထူးချွန်ဆုရရှိကြသူများနှင့် စီအီးအိုမှတ်တမ်းတင်ဆု ရရှိကြသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရန်ကုန် မီဒီယာဂရု(ပ်)သည် ဖလားဝါးနယူးစ်နှင့် ရန်ကုန်တိုင်းမ် ဂျာနယ်များကို အပတ်စဉ်အောင်မြင်စွာ ထုတ်ဝေလျက်ရှိသော ပုဂ္ဂလိက မီဒီယာ လုပ်ငန်းတစ်ခုဖြစ်ပြီး ယခု ၂၀၀၈ခုနှစ်အတွင်း ဂျာနယ်များ အရည်အသွေး ပိုမိုမြင့်မားရေးနှင့် ယင်းဂျာနယ်ဝက်ဘ်ဆိုက် www.yangonmedia.com ကိုလည်း ပိုမိုပြည့်စုံ ခေတ်မီစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းပင်ကြီးလမ်း ဘုရားငါးဆူတန်ဆောင်းတော်ကြီး ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၃

(၁၂)ကြိမ်မြောက် ဘုရားငါးဆူတန်ဆောင်းတော်ကြီး ဓမ္မပူဇာသဘင်ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၅ရက်တွင် ဦးပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)၊ ၆ရက်တွင် ဒေါက်တာအရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည်)၊ ၇ရက်တွင် အရှင်စန္ဒသိရီ (မိုးကုတ်အဖွဲ့ချုပ်နာယက)၊ ၈ရက်ညရနာရီခွဲတွင် အရှင်စန္ဒသာရ(ကျောင်းကုန်း)၊ ၉ရက်တွင် ဦးပညာသီဟ(ရွှေညဝါ)၊ ၁၀ရက်ညရနာရီခွဲတွင် အရှင်သိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ၁၁ရက်တွင် ဦးခေမိန္ဒစစ်ကိုင်းဆရာတော်နှင့် ၁၂ရက်တွင် အရှင်ခေမာသိရီလင်္ကာရ(ရွှေပြည်ဟိန်းဆရာတော်)တို့က ညစဉ်၇နာရီမှစ၍ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

တိုက်ကြီးမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၃

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) အကြိမ် (၃၀)မြောက် နှစ်ပတ်လည် အစည်းအဝေးကို စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ အသင်းဓမ္မာရုံ၌ ဇန်နဝါရီ ၂၀ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည် ဖြစ်ပြီး နှစ်ပတ်လည်အစည်းအဝေးတွင် အသက် (၈၀)အထက် အဘိုးအဘွား ပူဇော်ခြင်း၊ ဂုဏ်ထူး၊ ဘွဲ့ထူးရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ဆုချီးမြှင့်မည်ဖြစ်ရာ ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူများသည် ဇန်နဝါရီ၁၅ရက် နောက်ဆုံးထားပြီး ဥက္ကဋ္ဌဦးသိန်းအောင် ဖုန်း-၅၂၆၁၆၄၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် ဖုန်း-၅၃၅၀၂၉နှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်ငွေ ဖုန်း-၂၂၁၇၄၅ တို့သို့ဆက်သွယ် နိုင်သည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁-၂၀၀၈ (သောကြာနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	**ကိုယ့်စားကျက်မှာကိုယ်နေ** တရားတော် (သီတဂူ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၈:၀၀ - ၂:၀၀	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၈:၁၅ - ၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀ - ၂:၂၀	Myanmar Video Rhythm
၈:၄၅ - ၂:၄၅	တေးဂီတအစီအစဉ်
၈:၅၀ - ၂:၅၀	စာပေပညာရှင်များနှင့် တွေ့ဆုံ ဆွေးနွေးခြင်း (ဒေါက်တာ မတင်ဝင်း)
၉:၁၀ - ၃:၁၀	တေးဂီတအစီအစဉ်
၉:၁၅ - ၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅ - ၃:၂၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉:၃၅ - ၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀ - ၃:၄၀	နိုင်ငံတကာ သတင်းအကျဉ်း
၉:၄၅ - ၃:၄၅	Activities in the City
၉:၅၅ - ၃:၅၅	မိုးလေဝသ ခန့်မှန်းချက်
၁၀:၀၀ - ၄:၀၀	အပန်းဖြေမည် မြပုဏ္ဏမီ
၁၀:၃၀ - ၄:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀ - ၄:၄၀	**တို့ခြံထဲမှာ ခုတော့ဖြင့် ပျော်စရာ** ရဲအောင်၊ ကိုကိုလင်းမောင်၊ မေသန်းနု၊ ယမင်းကိုကို (ဒါရိုက်တာ- အေဝမ်းမောင်လှမျိုး)
၁၁:၁၅ - ၅:၁၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၂၀ - ၅:၂၀	လေလှိုင်းမှ ဖြေကြား ပရိသတ်များ အမေးစကား
၁၁:၄၅ - ၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀ - ၅:၅၀	ရွှေလီ ရေအားလျှပ်စစ် စက်ရုံ
၁၂:၂၅ - ၆:၂၅	တေးဂီတအစီအစဉ်
၁၂:၃၀ - ၆:၃၀	VJ Choice
၁:၀၀ - ၇:၀၀	MRTV-4၏ အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၄-၁-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၃၅	၄။	မဟာဂီတ ချိုကြည်မြ
၄:၅၅	၅။	မျိုးချစ်တပ်မတော်
၅:၀၀	၆။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅:၂၅	၇။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၃၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၃၀	၁၁။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅	၁၂။	လျှပ်တစ်ပြက်
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ** (အပိုင်း-၅)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	စေညွှန်ရာလမ်းမများ တက္ကစီမင်းနှင့်မိုးကျရွှေကိုယ်
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နီလာလက်ကောက်** (အပိုင်း-၂၅)

4-1 (02) 1 1/4/08, 2:18 AM

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေး အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ်ခံယူ စီးပွားရေးတောင့်တင်းခိုင်မာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဦးစားပေးအကောင်အထည်ဖော်

နိုင်ငံအဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေး ဖြည့်ဆည်းဆောင်ရွက်ပေး

■ **ရှေ့ဖုံးမှ**

ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် များလှစွာသော အသက်၊သွေး၊ ချွေးတို့ကို အရင်းအနှီးပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နယ်ချဲ့လက်တွင်းမှ ပြန်လည်ရယူနိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်(၆၀)တင်းတင်း ပြည့်မြောက်ခဲ့ပြီ ဖြစ်ပေသည်။

ဂုဏ်ယူစွာ ရပ်တည်

သမိုင်းစဉ်တစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံလျက် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုတို့ဖြင့် ချစ်ကြည်ရင်းနှီးစွာ မြန်မာနိုင်ငံအတွင်း ပူးပေါင်းနေထိုင်ခဲ့သည့် ခိုင်မြဲသော အစဉ်အလာကောင်း ရှိခဲ့ပြီးဖြစ်ကြသည်။ ထိုမြတ်နိုးဖွယ် အစဉ်အလာ၊ ထက်မြက်ကောင်းမြတ်သော စိတ်ဓာတ်များဖြင့် နိုင်ငံတော်အစွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်ကို သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ကြသည်။ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကိုယ့်ထီး၊ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် ခေတ်အဆက်ဆက် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ဂုဏ်ယူစွာဖြင့် ရပ်တည်ခဲ့ကြသည်။

ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့

၁၉ရာစုနှောင်းပိုင်းတွင် မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ ကျူးကျော်မှုကြောင့် ထီးကျိုးစည်ပေါက်ဖြစ်ကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာ လက်လွတ်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရပေသည်။ သို့ရာတွင် မြန်မာတို့၏ မူလဗီဇလက္ခဏာများဖြစ်ကြသည့် ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသည့်စိတ်ဓာတ်၊ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုး ကိုယ့်အချုပ်အခြာအာဏာ ကိုယ့်စာပေကိုယ့်ယဉ်ကျေးမှု ကိုယ့်ရိုးရာဓလေ့တို့ကို မြတ်နိုးတွယ်တာ တန်ဖိုးထားသည့် စိတ်ဓာတ်၊ ကိုယ့်အမျိုးသားရေးဂုဏ်သိက္ခာကို အထိပါးမခံသည့် စိတ်ဓာတ်များကို ပိုင်ဆိုင်သူများ ဖြစ်ကြသည်နှင့်အညီ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့သည် အသက်၊သွေး၊ချွေးတို့ကို အရင်းတည်လျက် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့ကြသဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ပေသည်။

အခြေခံအုတ်မြစ် တည်ဆောက်ပေး

မျက်မှောက်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေးကို အမျိုးသားရေး ရည်မှန်းချက် ပန်းတိုင်အဖြစ် တညီတညွတ်တည်း ခံယူသတ်မှတ်ပြီး ရှေးရှုဆောင်ရွက် ချီတက်လျက်ရှိပေသည်။ နိုင်ငံတော် သစ်တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေးအခြေခံအဆောက်အအုံများ တောင့်တင်း ခိုင်မာလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရက ဦးစားပေးဖြည့်ဆည်း အကောင်အထည်ဖော်လျက် ရှိပေသည်။ နိုင်ငံနှင့်အဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် တစိုက်မတ်မတ် နေ့မအား ညမနား ဆောင်ရွက် ဖြည့်ဆည်းပေးလျက် ရှိပေသည်။ နိုင်ငံတော်တစ်ဝန်းလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသ (၂၄)ခု စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်လျက် ရှိပေသည်။ ယင်းသို့ အဘက်ဘက်မှ အားသွန်ခွန်စိုက် တည်ဆောက်နေမှုများသည် နိုင်ငံတော်သစ်အတွက် ခိုင်မာသောအခြေခံအုတ်မြစ်ကို တည်ဆောက်ပေးနေခြင်းပင် ဖြစ်သည်။

အောင်မြင်စွာချမှတ်ခဲ့

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ်ကို ချမှတ်ကြေညာခဲ့ပြီးဖြစ်သည်နှင့်အညီ အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အရေးကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ၂၀၀၇ခုနှစ် စက်တင်ဘာလ ၃ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပေသည်။ အမျိုးသားညီလာခံကြီးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို တညီတညွတ်တည်း အောင်မြင်စွာချမှတ်ခဲ့ပေသည်။

အကောင်အထည်ဖော်နေပြီ

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အမျိုးသားညီလာခံက ချမှတ်ထားသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးအတွက် ထိုကော်မရှင်သည် ဆက်လက် အကောင်အထည်ဖော် နေပြီ ဖြစ်ပေသည်။

အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး မလွဲမသွေတည်ဆောက်နိုင်မည်ဟူသော ခိုင်ကျည်မြဲမြံသည့် သန္နိဋ္ဌာန်ဖြင့်–

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး၊

(၃) အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေး၊

(၄) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး

ဟူသော ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကို ကျွန်ုပ်တို့ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့သည် လေးလေးနက်နက် စွဲစွဲမြဲမြဲ ခိုင်ခိုင်မာမာခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အားမာန်ဖြင့် နိုးကြားတက်ကြွစွာ စွမ်းစွမ်းတမံ အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အမျိုးသား ညီလာခံက ချမှတ်ထားသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့် အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးအတွက် ထိုကော်မရှင်သည် ဆက်လက် အကောင်အထည်ဖော်နေပြီ။

❒ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးများဖြစ်ကြသောဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော မစ္စဂုန လက်ရှ်မီး ရှားမား(ဘီရိုးကာရာမာ) နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး ဒါတိုမက်ဇ်လန် ဘင်မိုဟာမက်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

The Live News ဂျာနယ် အမှတ်(၆၆)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၆၆)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

သွေးခင်းသောနိုင်ငံရေး ယဇ်ပလ္လင်ထက် အသက်စတေးလိုက်ရသော ဘာနာဇီယာဘူတို၊ ထိုင်းရွေးကောက်ပွဲပြီးသော်လည်း မောင်ကြီးမပြန်နိုင်သေးသည့် သက်ဆင်၊ တောင်ကိုရီးယားသမ္မတအသစ်နှင့် အဟောင်းကြားမှ နိုင်ငံရေးကစားပွဲ၊ အလုပ်ထက် အပျော်ကိုရှေ့ကထားနေတဲ့ ပြင်သစ်သမ္မတ၊ တရုတ်နှင့်ဂျပန်တို့၏ တစ်ကြောင်းတည်းသော ပြန်လည်ပေါင်းစည်းညီညွတ်ရေးလမ်းကြောင်းပေါ်သို့၊ တိုင်ကြားမှုပေါင်း ၁၀၅မျိုးတွင် မြန်မာသဘော်သားများ စာချုပ်ပါအချက်အလက်များကို သေချာစွာမဖတ်ခြင်းနှင့် နားမလည်ခြင်းတို့ အများဆုံးပါဝင်၊ အခြေမချပြည်ဝင်ခွင့်ဗီဇာလျှောက်လွှာကြေး ကန်ဒေါ်လာ ၃၁ဒေါ်လာ တိုးမြှင့်ကောက်ခံမည်၊ ခရီးသည်တင် Hilux ကားပေါ်၌ ပန်းထိမ်ဆရာတစ်ဦး ရတနာပစ္စည်းကျပ် ၂၇သိန်းကျော်ဖိုး ခါးပိုက်နှိုက်ခံရ၊ ကိုရီးယား-မြန်မာကဗျာချစ်ကြည်ရေး၊ မဟူရာထဲကစိန်နှင့် ညစာစားပွဲ၊ လမ်းပေါ်က အတွေးများ-၆ (ရပ်ချင်သလိုရပ်သောကားများ)၊ ဝါးတန်းကြီးမှသည် ဝါးတန်းလမ်းသို့ (Keighly)၊ တက္ကစီမင်းနှင့်မိဘဂုဏ်တော်ကျေးဇူး၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများစသည့် သတင်းဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဦးကို၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန် (ဆူးလေ)၊ အာရှမိုး၊ မောင်နေလင်း၊ ဆြာစန်းရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့်လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ် (၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၄-၁-၂၀၀၈ရက်

(သောကြာနေ့)

နံနက်ပိုင်း

၆:၄၅	၁။	၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပပုံ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်
၈:၃၀	၂။	နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၅	၃။	International News
၉:၀၀	၄။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Demonstration Exercises Correct Pronunciation
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၁၇:၀၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၀	၆။	မြန်မာစာမြန်မာစကား
၁၇:၃၀	၇။	**နောက်မကျရအောင်** မင်းသူ၊ ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့် (ဒါရိုက်တာ-ကြည်စိုး)
၁၇:၄၀	၈။	နှောင်းခေတ်တေးပဒေသာ
၁၇:၅၀	၉။	နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး တတိယချစ်ပုံပြင်** (အပိုင်း-၃၃)
၁၉:၄၅	၁၄။	အချုပ်အခြာအာဏာ ခွန်ရှည်ကြာခိုင်မာစေမှုဒို့ရေးရှု (သမိုင်းမော်ကွန်း ထွန်းသစ်ဝေဖြာ ပြည်မြန်မာ)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူများ** (အပိုင်း-၁၆)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

အဘိဓမ္မာ အထူးသင်တန်းပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ နာယက သကျသီဟ ဓမ္မာစရိယ ပါဠိပါရဂူ မဟာဝိဇ္ဇာ ဦးအုံမောင် (နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်) က အဘိဓမ္မာ(အထူး) သင်တန်းကို (၁၃၆၉ခုနှစ် ပြာသိုလဆန်း ၂ရက်) ဇန်နဝါရီ ၉ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ (ညနေ ၄နာရီမှ ၆နာရီအထိ) ဆူးလေဘုရား ရင်ပြင်တော်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး သင်တန်းခန်းမ၌ ဓမ္မဒါန သင်ကြားပို့ချမည်ဟု သိရသည်။

(က-ပ)

ဆရာတော် ဘဒ္ဒန္တ ကောဝိဒ (မဇ္ဈိမဂုဏ်ရည်) နှစ်ဦးဓမ္မခရီးစဉ်များ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ မဟာစည်နယ်လှည့်ဓမ္မကထိက သာသနတက္ကသီလ ဓမ္မာစရိယ B.A, M.A, Ph.D(India) ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒသည် ဇန်နဝါရီ ၃ရက်ညနေ ၆နာရီတွင် ၂၃လမ်း(အထက်) ဓမ္မသဘင်၊ ည၈နာရီတွင် အင်းစိန်မြို့နယ် ၈ရပ်ကွက် ပိတောက်လမ်း ဓမ္မသီဂီသီလရှင်စာသင်တိုက် ဂုဏပူဇာသဘင်၊ ၄ ရက် ည ၇ နာရီတွင် ဒေါပုံမြို့နယ် ယမုံနာ ၁ ရပ်ကွက် ဆွမ်းအောင်ပွဲဓမ္မသဘင်၊ ၅ရက်ည၇နာရီတွင် တာမွေမြို့နယ် မလွှကုန်းဌေးကြွယ်ရပ်ကွက် ဓောတိကလမ်းဓမ္မသဘင်၊ ၆ရက်ညနေ ၆နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်း၊ ည ၈နာရီတွင် ၄၆လမ်း ဓမ္မသဘင်၊ ၇ရက်ည ၇နာရီခွဲတွင် ဗိုလ်တထောင်စေတီ ဗုဒ္ဓဝံသရက္ခိတအသင်း ဓမ္မသဘင်၊ ၉ရက်ည ၇နာရီတွင် တာမွေမြို့နယ် မအူကုန်းရပ်ကွက် ၁၃၉လမ်း ဓမ္မသဘင်၊ ၁၂ရက် ည၇နာရီတွင် လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာဓမ္မသဘင်၊ ၁၃ရက် ညနေ ၅နာရီတွင် ပဲခူးတိုင်း ဝမ်းဘဲအင်းရွာဓမ္မသဘင်၊ ည၈နာရီတွင် ဓားပိန်မြို့ တိုင်းသံဃနာယက အကျိုးတော်ဆောင် ဆရာတော်ကျောင်းဓမ္မသဘင်၊ ၁၄ရက် ည ၇နာရီတွင် အင်းစိန်မြို့နယ် လမ်းသစ်လမ်း မွေး/ရေဝင်း Kawasho Co.,Ltd. ဓမ္မသဘင်၊ ၁၅နှင့် ၁၆ရက်တို့တွင် ကရင်ပြည်နယ် မြိုင်ကလေးဘိလပ်မြေစက်ရုံ ဓမ္မသဘင်၊ ၁၇၊ ၁၈ရက်တို့တွင် ကရင်ပြည်နယ် ရွှေဂွန်းမြို့ဓမ္မသဘင်၊ ၁၉၊ ၂၀ ရက်တို့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဓမ္မောဇဓမ္မသဘင်၊ ၂၀၊ ၂၂၊ ၂၃၊ ၂၄ ရက်တို့တွင် ကရင်ပြည်နယ် ဘားအံမြို့ ဓမ္မသဘင်၊ ၂၅၊ ၂၆ရက်တို့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့ တောင်ပေါ်ကျောင်းဓမ္မသဘင်၊ ၂၇၊ ၂၈ရက် မွန်းလွဲ ၂ နာရီတွင် မဲဆောက်မြို့ ကျောင်းကြီးကျောင်း ဓမ္မသဘင်၊ ၂၇၊ ၂၈၊ ၂၉ ရက်ည ၇နာရီတွင် မြဝတီမြို့ဓမ္မသဘင်၊ ၃၀၊ ၃၁ရက်တို့တွင် သထုံမြို့ ဓမ္မလမင်းအဖွဲ့ ဓမ္မသဘင် အထူးတရားပွဲများ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

4-1 (04) 1 1/4/08, 2:18 AM

● ရှေ့ဖုံးမှ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၈)ကိုလည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ်ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၃/၂၀၀၈)ကိုလည်းကောင်း၊ စစ်မှုထမ်းကောင်း တံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၀၈)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၀၈)ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၆/၂၀၀၈)ကိုလည်းကောင်း၊ နိုင်ငံတော်ရဲမှုထမ်း တံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၀၈)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၀၈)ကိုလည်းကောင်း ၂၀၀၈ ခုနှစ် ဇန်နဝါရီ၄ရက် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့(ယနေ့)တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်သုံးပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်များတွင် ပြည်တွင်းမှ ၂၄ပါး၊ ပြည်ပမှ လေးပါး စုစုပေါင်း ၂၈ပါး၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်တစ်ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ခုနစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်များတွင် ပြည်တွင်းမှ ၄၄ပါး၊ ပြည်ပမှတစ်ပါး၊ သီလရှင်လေးပါး စုစုပေါင်း ၄၉ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၅၂ပါး၊ သီလရှင်သုံးပါး စုစုပေါင်း ၅၅ ပါး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၅၉ပါး၊ သီလရှင် ခုနစ်ပါး စုစုပေါင်း ၆၆ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ခြောက်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်များတွင် ပြည်တွင်းမှ အပါး၃၀၊ ပြည်ပမှ လေးပါး စုစုပေါင်း ၃၄ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် အပါး၃၀၊ သီလရှင်များတွင် ပြည်တွင်းမှသုံးပါး၊ ပြည်ပမှတစ်ပါး၊ လူပုဂ္ဂိုလ်များတွင် ပြည်တွင်းမှတစ်ဦး၊ ပြည်ပမှ တစ်ဦး စုစုပေါင်း ၃၆ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၃၉ပါး၊ သီလရှင်နှစ်ပါး၊ လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း၄၂ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကိုးပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၄ပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ရှစ်ပါး၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ ခြောက်ဦး၊ အဂ္ဂမဟာ သီရိသုဓမ္မသီဂီဘွဲ့ ခြောက်ဦး၊ သီရိသုဓမ္မမဏိဇောတဓရဘွဲ့ သုံးဦး၊ သီရိသုဓမ္မသီဂီဘွဲ့ ငါးဦး၊ သီဟသုဓမ္မမဏိဇောတဓရဘွဲ့ သုံးဦး၊ သီဟသုဓမ္မသီဂီဘွဲ့ နှစ်ဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့ ၂၄ဦး၊ သုဓမ္မသီဂီဘွဲ့ ၃၁ဦးတို့ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၈)ဖြင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့် အပ်နှင်းခြင်းခံရသူများတွင် သိပ္ပံပညာထူးချွန်တံဆိပ်(တတိယဆင့်) ကိုးဦး၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ၁၂ ဦး၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (တတိယဆင့်)တစ်ဦး၊ ဆေးပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) နှစ်ဦး၊ ဆေးပညာထူးချွန်တံဆိပ်(တတိယဆင့်)ခုနစ်ဦး၊ နည်းပညာထူးချွန်တံဆိပ် (ပထမဆင့်)တစ်ဦး၊ နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)ခြောက်ဦး၊ နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်)နှစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်)တစ်ဦး၊ လယ်ယာစီးပွားထူးချွန် (တတိယဆင့်) ၃၀ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်) သုံးဦး၊ စက်မှုစီးပွားထူးချွန် တံဆိပ် (တတိယဆင့်) ၄၃ဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ၃၃ဦး၊ စီမံထူးချွန် (ဒုတိယဆင့်)၄၄ဦး၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်)၁၅၃ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ၁၀၂ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ၈၇ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ၁၆၆ဦး၊ ရဲသီဟတံဆိပ်လေးဦး၊ ရဲသူရတံဆိပ် လေးဦး၊ ရဲဗလတံဆိပ် နှစ်ဦး၊ ရဲကျော်စွာတံဆိပ် လေးဦး စုစုပေါင်း ၇၁၆ဦး။

အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၀၈)ဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၁၃၃၇ဦး။

အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၀၈)ဖြင့် စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၂၉၄၇ဦး။

အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၈)ဖြင့် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား ၁၃ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၅၂၃၇ဦး စုစုပေါင်း ၅၂၅၀ဦး။

အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၀၈)ဖြင့် ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ၂၄ဦး။

အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၀၈)ဖြင့် နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ချီးမြှင့် အပ်နှင်းခြင်းခံရသူ ၁၇၃ဦး။

အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၀၈)ဖြင့် ပြည်သူ့ဝန်ထမ်းတံဆိပ် ချီးမြှင့် အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစားနှစ်ဦး၊ တာဝန်ထမ်းဆောင်ဆဲ၁၄၈၀၁ဦး စုစုပေါင်း ၁၄၈၀၃ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစားတစ်ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၂၅၁၂၂ဦး စုစုပေါင်း၂၅၁၂၃ဦးတို့ ပါဝင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်။

စင်ကာပူသမ္မတနိုင်ငံ

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် စင်ကာပူသမ္မတနိုင်ငံ အစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ စင်ကာပူ-မြန်မာ ဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက် ရှိပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီးဦးညဏ်ဝင်းထံသို့လည်းစင်ကာပူသမ္မတနိုင်ငံနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့ယိုးက သဝဏ်လွှာပေးပို့ရာတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန် အတူတကွ လက်တွဲကြိုးပမ်းသွားမည် ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ကမ္ဘောဒီးယားနိုင်ငံ

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကမ္ဘောဒီးယားနိုင်ငံဘုရင် နိုရိုဒွန်သီဟာမိုနီထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘောဒီးယား ပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ အနာဂတ် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အဆွေတော်ကျန်းမာ ပျော်ရွှင်စေရန် ဆုမွန်ကောင်း တောင်းပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတို့သည် အပြန်အလှန် လေးစားမှု၊ အပြန်အလှန် ထောက်ခံအားပေးမှုများအပေါ် အခြေခံလျက် ချစ်ကြည်ရင်းနှီးကြသည့် နိုင်ငံများဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်း ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်အာခါ မိုဟာဆီနာပါဒိုင်းတဲ့ချိုဟွန်ဆင်က လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့ရာ၌ ပြည်ထောင်စု မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါ သမယတွင် ကမ္ဘောဒီးယားအစိုးရ အနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် နှစ်ထောင်းအားရ ကျေနပ်မှုရှိပါကြောင်းစသည်ဖြင့်ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံသို့လည်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်က သဝဏ်လွှာပေးပို့သည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး ဦးညဏ်ဝင်းထံသို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မင်းသား မိုဟာမက်ဘိုလ်ကီးယားက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာ၌ နှစ်(၆၀) ပြည့်လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာပြည်သူများနှင့် အတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အာဆီယံပူးပေါင်းဆောင်ရွက်မှုအပြင် နိုင်ငံအချင်းချင်း အပြန်အလှန်ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းစေရန်ဆက်လက်ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

လာအိုနိုင်ငံ

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူမာလီဆိုင်ညဆွန်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ပြည်သူများ အနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ အဆွေတော်ကျန်းမာစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်နှစ်များအတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန် ယုံကြည်မှုများ တိုးပွားလာပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်က လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းပီသစွာ ပူးပေါင်းဆောင်ရွက်မှုများသည် လာအိုနှင့်မြန်မာ နှစ်နိုင်ငံပြည်သူများ ဆက်ဆံရေး ပိုမိုခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်းစသည်ဖြင့် ဖော်ပြပါရှိသည်။

တစ်ဖန် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံသို့လည်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာထောင်လွန်း ဆီဆူလစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

ထိုင်းနိုင်ငံ

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်ချူလာနွန်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ ထိုင်းအစိုးရအနေဖြင့်လည်းကောင်း၊ ထိုင်းပြည်သူများအနေဖြင့် လည်းကောင်း လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာပြည်သူပြည်သားများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်း တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံသို့လည်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာနစ်ယာဖိဘူးလ်ဆွန်ခရမ်က မိမိတို့နှစ်နိုင်ငံ၏ ကာလကြာရှည်စွာ ချစ်ကြည်ရင်းနှီးမှုများသည် အပြန်အလှန်အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း၊ နယ်ပယ်ကဏ္ဍ အသီးသီးတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ဂျပန်နိုင်ငံ

နှစ်(၆၀)ပြည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဂျပန်ဘုရင်မင်းမြတ် အကီဟီတိုက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာနိုင်ငံသားများ ပျော်ရွှင်ချမ်းမြေ့ကြစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန် အတွက် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဂျပန်သံအမတ်ကြီး မစ္စတာ ယာစုအာကီနိုဂါဝါ ထံမှ ဝမ်းမြောက်ဂုဏ်ယူကြောင်းသဝဏ်လွှာ ပေးပို့သည်။

ထို့အတူ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ယာစုအိုဖူကူဒါထံမှဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ နှစ်နိုင်ငံ အကြားချစ်ခင်ရင်းနှီးမှုဆက်ဆံရေးများ တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

တစ်ဖန် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံသို့ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာဆာဟီကိုကိုးမူရထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ရာ၌ နှစ်(၆၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆုမွန်ကောင်းများတောင်းပါကြောင်း၊ မြန်မာပြည်သူ ပြည်သားများနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဖော်ပြပါရှိသည်။ **ဆက်လက်ဖော်ပြပါမည်။**

သာယာမည်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

4-1 (05) 1 1/4/08, 2:18 AM

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာ

အမှတ် ၁/၂၀၀၈

၁၃၆၉ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ သဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက်၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ဘဒ္ဒန္တ သြဘာသ ကော့လှာပရိယတ္တိစာသင်တိုက်၊ ဒိုင်းဝန်ကွင်း၊ ရှမ်းစုရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၃။ ဘဒ္ဒန္တ ကဝိသာရ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်၊ နေပြည်တော် ပျဉ်းမနား။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဣန္ဒာစာရ မြို့ဦးကျောင်းတိုက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ ပညာသိရီ ဇေယျသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဘဒ္ဒန္တ ဥတ္တမဉာဏာဘိဝံသ မိုးကောင်းကျောင်းတိုက်၊ ဗိုလ်အောင်ဇေယျရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်း။

၄။ ဘဒ္ဒန္တ မဟောသဓပဏ္ဍိတ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တ နိမလ ကျောက်ထုံးကြီးကျောင်း၊ ကျောက်ထုံးကြီးကျေးရွာ၊ ကသာမြို့နယ်၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တ နာဂဝံသ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်၊ နဝင်းရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၇။ ဘဒ္ဒန္တ ဝါယာမ ကန်တော်ဦးကျောင်း၊ ရတနာပုံတိုက်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၈။ ဘဒ္ဒန္တ နန္ဒဝံသ မဟာဓမ္မိကာရာမကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်း။

၉။ ဘဒ္ဒန္တ သာသန ဓမ္မိကတောရစာသင်တိုက်၊ အထက်မင်းလှမြို့၊ မကွေးတိုင်း။

၁၀။ ဘဒ္ဒန္တ ပညာသာမိ မင်္ဂလာသာစည်ကျောင်းတိုက်၊ ချောက်မြို့၊ မကွေးတိုင်း။

၁၁။ ဘဒ္ဒန္တ သာဂရာဘိဝံသ မစိုးရိမ်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၁၂။ ဘဒ္ဒန္တ ဣဿရာဘိဝံသ ဝိသုဒ္ဓါရုံ ရေဦးပရိယတ္တိစာသင်တိုက်၊ ယဉ်တော်ရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။

၁၃။ ဘဒ္ဒန္တ စက္ကိန္ဒ တန်ဆောင်းကြီးကျောင်းတိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၁၄။ ဘဒ္ဒန္တ ပညာသာမိ မူလကမ်းနားကျောင်းတိုက်၊ လမိုင်းမြို့၊ ရေးမြို့နယ်၊ မွန်ပြည်နယ်။

၁၅။ ဘဒ္ဒန္တ နန္ဒောဘာသ ပုဏ္ဏားတောင်ကျောင်းတိုက်၊ ရမ်းဗြဲမြို့၊ ရခိုင်ပြည်နယ်။

၁၆။ ဘဒ္ဒန္တ ဝိသုဒ္ဓ ဗားကရာတောရကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၇။ ဘဒ္ဒန္တ ကဝိဓဇ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၈။ ဘဒ္ဒန္တ ပညာသာမိ မာဂဓီ-သာစည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ၁၃ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၁၉။ ဒေါက်တာဘဒ္ဒန္တ နေမိန္ဒ သာသနဇောတိက ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၂၀။ ဘဒ္ဒန္တ ခေမာစာရ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။

၂၁။ ဘဒ္ဒန္တ ဉာဏဝံသ အောင်မင်္ဂလာကျောင်းတိုက်၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၂၂။ ဘဒ္ဒန္တ နာဂသေနာဘိဝံသ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊မိုးမိတ်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၂၃။ ဘဒ္ဒန္တ ရေဝတ စံကင်းမင်္ဂလာမှန်ကျောင်းတိုက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်း။

၂၄။ ဘဒ္ဒန္တ ကုမာရ သဒ္ဓမ္မဝေဒဂူစာသင်တိုက်၊ ကညင်ချောင်းရွာ၊ ကျွန်းမြို့၊ ငပုတောမြို့နယ် ဧရာဝတီတိုင်း။

ပြည်ပဘွဲ့ခံ ဆရာတော်ကြီးများ

၂၅။ ဘဒ္ဒန္တ ဂဏနရတန နာယကထေရ် (Ven. Weligama Gnanaratane Nayake Thero) ဓမ္မရက္ခိတကျောင်းတိုက်၊ ရတ်မာလမြို့၊ သီရိလင်္ကာနိုင်ငံ။

၂၆။ ဘဒ္ဒန္တ ဉာပနပေမသိရီထေရ် (Ven.Napana Pemasiri Thero) ဝိဇ္ဇာနန္ဒကျောင်းတိုက်၊ နိတ္တမ္ဗုဝမြို့၊ သီရိလင်္ကာနိုင်ငံ။

၂၇။ ဘဒ္ဒန္တ သုမနနန္ဒိက (Ven. Phra Khru Thamma Thon Sumon Nandiko) ဝပ်ဂျယ်ဒေါင်ကျောင်းတိုက်၊ ပတ်ချောင်လမ်း၊ဗန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

၂၈။ ဘဒ္ဒန္တ ဘောက်ခန်သီရိဘော (Ven. Bouakham SARIBOUTH) မဟန္တ သေတုကရံ (ချောင်လောင်) ကျောင်းတိုက်၊ ချန်ထာဘူရီခရိုင်၊ ဗီယင်ကျမ်းမြို့၊ လာအိုနိုင်ငံ။

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သာသန မဟာမြိုင်ကျောင်းတိုက်၊ မဟာမြိုင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဝိသုတ မဟာဗောဓိတောရကျောင်းတိုက်၊ ခင်မွန်ကျေးရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တ ကုသလ မင်းတဲဦးကျောင်းတိုက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်း။

၃။ ဘဒ္ဒန္တ ဝိမလ ကန်ဖျားမဟာစည်သာသနာ့ရိပ်သာ၊ ဝက်ထီးကန်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၄။ ဘဒ္ဒန္တ ပညာဝံသ မိုးကုတ်ရိပ်သာကျောင်း၊ မဟာမင်းထင်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၅။ ဘဒ္ဒန္တ ဝိမလ ရွှေတောင်ကျောင်းတိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၆။ ဘဒ္ဒန္တ သီလာစာရ ရတနာလှိုင်မဟာစည်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၇။ ဘဒ္ဒန္တ ပညာသာရ ပန်းတပွင့်တောင်သာသနာပြုတောရကျောင်းတိုက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ နာဂိန္ဒ မြို့မကျောင်းတိုက်၊ (၄)ရပ်ကွက်၊ ရွှေကူမြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ အာဒိစ္စဝံသ သီရိမဏ္ဍိုင်စာသင်တိုက်၊ (၅)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။

၃။ ဘဒ္ဒန္တ ဝိသုတ ပခန်းကျောင်းတိုက်၊ (၂)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၄။ ဘဒ္ဒန္တ ဉာဏဝရ ဝိပဿနာမဟာဂန္ဓာရုံကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တ ပဏ္ဍိတ မြို့မပရိယတ္တိစာသင်တိုက်၊ အင်းတော်မြို့၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တ ဝိစိတ္တသာရ ဓမ္မပါလ ပရိယတ္တိစာသင်တိုက်၊ (၉)ရပ်ကွက်၊ ကသာမြို့၊ စစ်ကိုင်းတိုင်း။

၇။ ဘဒ္ဒန္တ အင်္ဂိရ သာသနာ့စံပြကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၈။ ဘဒ္ဒန္တ ပညာဝံသ ရန်ကင်းပရိယတ္တိစာသင်တိုက်၊ ရန်ကင်းရပ်၊မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၉။ ဘဒ္ဒန္တ ဣန္ဒာဝုဓ သီတဂူပရိယတ္တိစာသင်တိုက်၊ အမှတ်(၈)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၁၀။ ဒေါက်တာဘဒ္ဒန္တ ဩဿဓသာရ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၁။ ဘဒ္ဒန္တ ကဝိသာရာလင်္ကာရ ဘုရားငါးဆူစာသင်တိုက်၊ ကန်ဖျားရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။

၁၂။ ဘဒ္ဒန္တ ဝိပုလ ဦးဆင်ကြီးကျောင်းတိုက်၊ မြို့မ(၁)ရပ်ကွက်၊ ပြွန်တန်ဆာမြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။

၁၃။ ဘဒ္ဒန္တ ဇယန္တ မြို့မပရိယတ္တိစာသင်တိုက်၊ အောက်စုရပ်၊ သနပ်ပင်မြို့၊ ပဲခူးတိုင်း။

၁၄။ ဘဒ္ဒန္တ သုဇန သာသနာ့ဇောတိကကျောင်းတိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၅။ ဘဒ္ဒန္တ သောမာစာရ ပုဗ္ဗာရုံကျောင်းတိုက်၊ ရွာဘဲနယ်မြေ၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၆။ ဘဒ္ဒန္တ ကုဏ္ဍလ ရွှေစေတီကျောင်းတိုက်၊ အလယ်ပိုင်းရပ်ကွက်၊ ပွင့်ဖြူမြို့၊ မကွေးတိုင်း။

၁၇။ ဘဒ္ဒန္တ ဉာဏ မြို့ရှေ့ပရိယတ္တိစာသင်တိုက်၊ မြို့မရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း။

၁၈။ ဘဒ္ဒန္တ ရေဝတ မြို့ဦးပရိယတ္တိစာသင်တိုက်၊ မြို့မအရှေ့ရပ်ကွက်၊ မြစ်သားမြို့၊ မန္တလေးတိုင်း။

၁၉။ ဘဒ္ဒန္တ ပညာဇောတ ကိုးတောင်ပြည့်ကျောင်းတိုက်၊ (၃)ရပ်ကွက်၊ သဲတောမြို့၊ ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်း။

၂၀။ ဘဒ္ဒန္တ မာဃိန္ဒ ဟံသာဝတီစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၂၁။ ဘဒ္ဒန္တ သူရိယ ပါဠိတက္ကသိုလ်ဥယျာဉ်ပရိယတ္တိစာသင်တိုက်၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၂၂။ ဘဒ္ဒန္တ ကုဏ္ဍလ အလယ်တိုက်ကြီးကျောင်း၊ ချမ်းသာကြီးတောင်တိုက်၊ သီရိမာလာအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၃။ ဘဒ္ဒန္တ ပညာသာမိ တောင်ဆင်တဲကျောင်းတိုက်၊ တမ္ပဝတီရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၂၄။ ဘဒ္ဒန္တ ဥတ္တရ ဆင်ဖြူမယ်ကျောင်းတိုက်၊ မှန်တန်းရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။

၂၅။ ဘဒ္ဒန္တ ကေသရ သာသနာ့ဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၂၆။ ဘဒ္ဒန္တ ဗုဒ္ဓပ္ပိယ မဏိကာရုံစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။

၂၇။ ဘဒ္ဒန္တ ဥတ္တရ မဟာဝိဟာရပရိယတ္တိစာသင်တိုက်၊ တရနာကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်။

၂၈။ ဘဒ္ဒန္တ ပဏ္ဏဝ ဘုရားကြီးကျောင်းတိုက်၊ စေတီတောင်ရပ်ကွက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်။

၂၉။ ဘဒ္ဒန္တ သောမ ဓမ္မသုခကျောင်းတိုက်၊ ကျောင်းတက်လမ်းရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

၃၀။ ဘဒ္ဒန္တ စက္ကိန္ဒ ရတနာသိင်္ဂီ(ခရမ်း)ကျောင်းတိုက်၊ နှင်းဆီကုန်းရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၁။ ဘဒ္ဒန္တ ဇာဂရ ဇေယျဝတီစာသင်တိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၂။ ဘဒ္ဒန္တ ဉာဏ ကျောင်းတော်ရာရွှေကျင်တိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၃။ ဘဒ္ဒန္တ စန္ဒဇောတိ မစိုးရိမ်ပရိယတ္တိစာသင်တိုက်၊ ကံကြီးမကျီးရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၄။ ဘဒ္ဒန္တ အဂ္ဂဉာဏ ရွှေလှိုင်အုတ်ကျောင်း၊ ကျောင်းကြီးတိုက်၊ အိုးဘိုရပ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၃၅။ ဘဒ္ဒန္တ အဂ္ဂသာမိ တိပိဋကလင်္ကာရ ပရိယတ္တိစာသင်တိုက်၊ ၁၀-တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

၃၆။ ဘဒ္ဒန္တ မေတ္တေယျ ဝိဇ္ဇောတာရုံစာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၇။ ဘဒ္ဒန္တ ဂုဏာလင်္ကာရ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၈။ ဘဒ္ဒန္တ ဝိရောစန မဟာသုခါရာမပရိယတ္တိစာသင်တိုက်၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၉။ ဘဒ္ဒန္တ ကဝိဓဇ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၀။ ဘဒ္ဒန္တ ဝိဇယ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၄၁။ ဘဒ္ဒန္တ ဥတ္တမ ဇမ္ဗူအေးအေတီတပ်ဦးကျောင်းတိုက်၊ (၁၂)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၄၂။ ဘဒ္ဒန္တ သံဝရာဘိဝံသ ရွှေရေးဆောင်ပရိယတ္တိစာသင်တိုက်၊ ငါးသိုင်းချောင်းမြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်း။

၄၃။ ဘဒ္ဒန္တ ကောမလ တောင်ညိုကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း။

၄၄။ ဘဒ္ဒန္တ ဇုတိန္ဓြိယ ပဇ္ဇောတာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ညောင်လေးပင်ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်း။

ပြည်ပဘွဲ့ခံ ဆရာတော်

၄၅။ ဒေါက်တာဘဒ္ဒန္တ သီလက္ခန္ဓထေရ်(Ven. Dr. Thumbulle Seela-kkhandha Thero) ဗုဒ္ဓဘာသာနှင့် ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကိုလံဘိုမြို့၊ သီရိလင်္ကာနိုင်ငံ။

သီလရှင်ဆရာကြီးများ

၄၆။ ဒေါ်ဟေမာရီ သာသနမဥ္ဇူယင်းမာမြိုင်သီလရှင်စာသင်တိုက်၊ ချမ်းမြသာစည်ရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၄၇။ ဒေါ်စန္ဒာရီ တေဘာတိကာရာမသီလရှင်ကျောင်းတိုက်၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၄၈။ ဒေါ်မိတ္တာထေရီ ဓမ္မဝိဟာရီပရိယတ္တိစာသင်တိုက်၊ မဟာဇေယျာဘုံရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၄၉။ ဒေါ်ကေသာရီ သာသနမဥ္ဇူရီသီလရှင်စာသင်တိုက်၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ရာဇိန္ဒ ဗလမင်းထင်ကျောင်းတိုက်၊ စက်မှုဇုန်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ တေဇနိယ ကျောက်ကြီးပရိယတ္တိစာသင်တိုက်၊ ကျောက်ကြီးကျေးရွာ၊ ရွှေကူမြို့နယ်၊ ကချင်ပြည်နယ်။

၃။ ဘဒ္ဒန္တ ခေမိန္ဒ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်၊ မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။

၄။ ဘဒ္ဒန္တ ဝိသုဒ္ဓါစာရ မြို့မပရိယတ္တိစာသင်တိုက်၊ (ခ)ရပ်ကွက်၊လှိုင်းဘွဲမြို့၊ ကရင်ပြည်နယ်။

၅။ ဘဒ္ဒန္တ စန္ဒိမာ ပရိယတ္တိကမ်းနားကျောင်းတိုက်၊ ကျုံဖဲကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။

၆။ ဘဒ္ဒန္တ ဝဏ္ဏိသရ ပရိယတ္တိသဒ္ဓမ္မဝါစီမင်းကျောင်းတိုက်၊ ကြာအင်းဆိပ်ကြီးမြို့၊ ကရင်ပြည်နယ်။

၇။ ဘဒ္ဒန္တ ကဝိန္ဒ မဟာသိမ်တော်ကျောင်းပရိယတ္တိစာသင်တိုက်၊ ဒါးဝယ်ဈေးရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၈။ ဘဒ္ဒန္တ မေဓိယ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၉။ ဘဒ္ဒန္တ ကာရုဏိက ဓိနောဒယပရိယတ္တိစာသင်တိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၀။ ဘဒ္ဒန္တ ဓမ္မာစာရ ဒက္ခိဏာရာမအလယ်ကျောင်းတိုက်၊ စက်ရုံလယ်ပြင်ရပ်ကွက်၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၁။ ဘဒ္ဒန္တ သူရိယ သဒ္ဓမ္မနန္ဒပရိယတ္တိကျောင်းတိုက်၊ ပင်းကြိုင်းရွာ၊ ပင်လယ်ဘူးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၂။ ဒေါက်တာဘဒ္ဒန္တ စန္ဒာသိရီ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၃။ ဘဒ္ဒန္တ ဇောတိပါလာလင်္ကာရ ပဇ္ဇောတာရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၄။ ဘဒ္ဒန္တ ပညာနန္ဒ သဒ္ဓမ္မသီတဂူကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၅။ ဘဒ္ဒန္တ ဝါယာမ အရှေ့ကျောင်းတိုက်၊ ပုလောမြို့၊ တနင်္သာရီတိုင်း။

၁၆။ ဘဒ္ဒန္တ ကေသဝ ဘုရားငါးဆူစာသင်တိုက်၊ ကန်ဖျားရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။

၁၇။ ဘဒ္ဒန္တ နန္ဒိယ သုခိတာရာမပရိယတ္တိစာသင်တိုက်၊ တောကြီးကျေးရွာ၊ ဝေါမြို့နယ်၊ ပဲခူးတိုင်း။

(ဆက်လက်ဖော်ပြပါမည်။)

4-1 (06) 1 1/4/08, 2:18 AM

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ

အမှတ် ၂/၂၀၀၈

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည်–

သိပ္ပံပညာထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဒေါ်ခင်မြတ်လွင် ကထိက၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၂။ ဒေါက်တာသဇင်ဟန် လက်ထောက်ကထိက၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၃။ ဒေါက်တာခင်မာစိုး ကထိက၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၄။ ဒေါက်တာတင်မြတ်ထွေး ကထိက၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန။

၅။ ဒေါက်တာစိုးစိုးခိုင် လက်ထောက်ကထိက၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၆။ ဒေါက်တာနွယ်နွယ်ခိုင် လက်ထောက်ကထိက၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၇။ ဒေါက်တာသန္တာဖြူ လက်ထောက်ကထိက၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၈။ ဒေါက်တာအိအိဟန် လက်ထောက်ကထိက၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၉။ ဒေါက်တာမြတ်သူဇာထွန်း လက်ထောက်ကထိက၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးတင်ယု ရုပ်ရှင်ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန။

၂။ ဦးစင်ရော်မောင်မောင် (ခ) ဦးလင်းအောင် ဒါရိုက်တာ၊ ပြန်ကြားရေးဝန်ကြီးဌာန။

၃။ ဒေါက်တာသိန်းညွန့် (ညွန့်ဝေ–ကသာ) အကြံပေးပုဂ္ဂိုလ်၊ ရန်ကုန်ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။

၄။ ဒေါ်ခင်ကြွယ်ဦး ပါမောက္ခ(ငြိမ်း)၊ မြန်မာစာဌာန၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၅။ ဒေါ်ပို ပါမောက္ခ(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၆။ ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)၊ အယ်ဒီတာချုပ်(ငြိမ်း)၊ မြဝတီပုံနှိပ်တိုက်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၇။ ဒေါက်တာမျိုးသန့်တင် ညွှန်ကြားရေးမှူး(ငြိမ်း)၊ စီမံရေးဌာန၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၈။ ဒေါ်ချိုချိုတင် (မစန္ဒာ) စာရေးဆရာမ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန။

၉။ ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း) စာရေးဆရာမ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၀။ ဦးစိုးမြင့် (စိုးလွင်မြင့်) စာတည်းမှူး (စာပေဗိမာန်) (ငြိမ်း)၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၁။ ဦးဘသန်း (မဟာဝိဇ္ဇာ) ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၂။ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) ညွှန်ကြားရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

ဝိဇ္ဇာပညာထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး) စာတည်းမှူးချုပ်၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

ဆေးပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ဒေါက်တာသန်းထွန်းစိန် ညွှန်ကြားရေးမှူး (အကြံပေး) (သုတေသန) ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန။

၂။ ဒေါက်တာခင်ပြုံးကြည် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန။

ဆေးပညာထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဒေါက်တာချိုချိုစုမွန် လက်ထောက်ညွှန်ကြားရေးမှူး၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။

၂။ ဒေါက်တာခင်မေဦး ဒုတိယညွှန်ကြားရေးမှူး (သုတေသန)၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန။

၃။ ဒေါက်တာဝင်းအောင် ဒုတိယညွှန်ကြားရေးမှူး (သုတေသန)၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန။

၄။ ဒေါက်တာမို့မို့ထွန်း ဒုတိယညွှန်ကြားရေးမှူး (သုတေသန)၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန။

၅။ ဒေါက်တာဇော်မြင့် ဒုတိယညွှန်ကြားရေးမှူး(သုတေသန)၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန။

၆။ ဒေါက်တာဝင်းမော်ထွန်း ဒုတိယညွှန်ကြားရေးမှူး (သုတေသန)၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန။

၇။ ဒေါ်ခင်ခင်အေး သုတေသနအရာရှိ၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန။

နည်းပညာထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ဒေါက်တာသိန်းကြွယ် (ညွှန်ကြားရေးမှူး) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့၊ သစ်တောရေးရာဝန်ကြီးဌာန။

နည်းပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ လေ ၁၈၃၇ ဒုတိယဗိုလ်မှူးကြီးမင်းအောင် (စက်မှုလက်မှုတပ်မှူး)၊ မြေပြင်အတတ်သင်လေတပ်စခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂။ ရေ ၃၅၅၄ ဗိုလ်မှူးအောင်သူစိုး (ယာယီဌာနမှူး) ရေတပ်သင်္ဘောကျင်းဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၃။ ရေ ၃၅၅၉၊ ဗိုလ်မှူးထိန်လင်းအောင်(ယာယီဒုတိယဌာနမှူး) ရေတပ်သင်္ဘောကျင်းဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၄။ ရေ ၃၆၃၈ ဗိုလ်မှူးသန်းဦး ဌာနစုမှူး၊ ရေတပ်သင်္ဘောကျင်းဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၅။ ဦးကလဲမင့်ဆာလ်ဒါးနား တွဲဖက်ပါမောက္ခ၊ မန္တလေးနည်းပညာတက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၆။ ဒေါက်တာဖြူဖြူဝင်း ဒုတိယညွှန်ကြားရေးမှူး၊ သတ္တုဗေဒသုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ကြည်း ၂၂၇၄၆ ဗိုလ်မှူးရဲအောင်(ယာယီဌာနမှူး) အမှတ်(၂၂) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂။ ကိုယ်ပိုင်အမှတ် လေ–၁၃၇၀၉ အရာခံဗိုလ်တင်အောင် တာဝန်ခံအကြပ်ကြီး၊ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

လယ်ယာစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ဦးကျော်ဝင်း ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ဒေါ်ညိုညို ပါမောက္ခ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂။ ဒေါက်တာသီးလ်ဗဟာဒူး တွဲဖက်ပါမောက္ခ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၃။ ဒေါ်ဒေါ်လီကျော် တွဲဖက်ပါမောက္ခ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၄။ ဒေါက်တာခင်ဦး ကထိက၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၅။ ဒေါက်တာမျိုးကြွယ် ကထိက၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၆။ ဒေါက်တာမြင့်လွင် ကထိက၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၇။ ဒေါက်တာသန္တာကြည် ကထိက၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၈။ ဒေါက်တာခင်သီတာမြင့် ကထိက၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၉။ ဦးဇော်ခင် ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၁၀။ ဦးအောင်ဇော်ဦး ဦးစီးအရာရှိ၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၁၁။ ဦးကျော်ရီ အထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၁၂။ ဦးမျိုးမြင့် ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၁၃။ ဦးကြည်ဟန် ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၁၄။ ဦးအောင်ကြင် ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၁၅။ ဦးခင်မောင်လတ် ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၁၆။ ဦးဝင်းမောင် ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၁၇။ ဦးမျိုးဝေ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၁၈။ ဦးအုန်းရွှေ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၁၉။ ဦးကျော်သန်း မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂၀။ ဦးအေးသိန်း မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂၁။ ဦးသိန်းစိုး မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂၂။ ဦးအောင်ခင် မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂၃။ ဦးတင်မောင်မြင့် မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂၄။ ဦးဝင်းမြင့် မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂၅။ ဒေါက်တာထွန်းဝင်း မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂၆။ ဦးအေးကိုကို မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂၇။ ဦးစိုင်းဆန်အောင် တောင်သူ၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၂၈။ ဦးထွန်းလူ တောင်သူ၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၂၉။ ဒေါက်တာသန်းထွဋ် ရေနက်တွင်း၊ လယ်ယာမြေစိုက်ပျိုးရေး၊ အမှတ်(၁၉၇) (ပ)ထပ်၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

၃၀။ ဦးအေးသန်း လယ်ယာလုပ်ငန်း၊ ကညင်ခဲကျေးရွာ၊ လှည်းဆိပ်ကျေးရွာအုပ်စု၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်း။

စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ကြည်း ၂၀၈၃၆ ဒုတိယဗိုလ်မှူးကြီးစောလွင် ဒုတိယစက်ရုံမှူး၊ အမှတ်(၁၉) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂။ ဦးညိုစိန် အလုပ်ရုံမှူး၊ အဏုဇီဝစိမ်းပြာရေညှိ ဆေးဝါးလုပ်ငန်းစက်ရုံ၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၃။ ဒေါ်တင်ပို့ အလုပ်ရုံမှူး (အမျိုးအစားစစ်ဆေးရေး)၊ စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း)၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ကြည်း ၂၈၂၈၄ ဗိုလ်ကြီးမျိုးသစ်ဦး ယာယီအလုပ်ရုံခွဲမှူး၊ အမှတ်(၆) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂။ ကြည်း ၂၈၃၀၉ ဗိုလ်ကြီးဇော်မျိုးနိုင် ယာယီအလုပ်ရုံခွဲမှူး၊ အမှတ်(၆) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၃။ ကြည်း ၂၉၅၃၈ ဗိုလ်ကြီးဇော်မျိုးမင်း ယာယီဒုတိယလက်ထောက်စက်ရုံမှူး၊ အမှတ်(၁၁)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၄။ ကြည်း ၃၁၃၀၆ ဗိုလ်ကြီးကျော်နိုင်ဝင်း အလုပ်ရုံမှူး၊ အမှတ်(၂) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၅။ ကြည်း ၃၃၅၅၁ ဗိုလ်ကြီးဝင်းနိုင်ဦး ဒုတိယလက်ထောက်စက်ရုံမှူး၊ အမှတ်(၁) တပ်မတော်အကြီးစားစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၆။ ကြည်း ၃၃၅၅၃ ဗိုလ်ကြီးအောင်ကြူး အလုပ်ရုံမှူး၊ အမှတ်(၁) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၇။ ကြည်း ၃၆၄၉၂ ဗိုလ်ကြီးသော်ဇင်မြင့် အလုပ်ရုံမှူး၊ အမှတ်(၂) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၈။ ကြည်း ၃၆၅၁၃ ဗိုလ်ကြီးမင်းသန့်ဦး အလုပ်ရုံမှူး၊ အမှတ်(၁၂) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၉။ ကြည်း ၃၆၅၃၂ ဗိုလ်ကြီးသိန်းစိုးထိုက် အလုပ်ရုံမှူး၊ အမှတ်(၁၂) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၀။ ကြည်း ၃၉၁၇၆ ဗိုလ်ကြီးဝဏ္ဏစိုး ဌာနစုတာဝန်ခံ၊ အမှတ်(၁)တပ်မတော်အကြီးစားစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၁။ ကြည်း ၃၉၂၁၂ ဗိုလ်ကြီးဇော်ဇော်အောင် ဌာနစုတာဝန်ခံ၊ အမှတ်(၁) တပ်မတော်အကြီးစားစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၂။ ကြည်း ၃၉၂၃၄ ဗိုလ်ကြီးငြိမ်းဖြိုးဝင်း ဌာနစုတာဝန်ခံ၊ အမှတ်(၁) တပ်မတော်အကြီးစားစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၃။ ကြည်း ၃၉၂၄၁ ဗိုလ်ကြီးထွဋ်အောင် ဌာနစုတာဝန်ခံ၊ အမှတ်(၁) တပ်မတော်အကြီးစားစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၄။ ကြည်း ၃၉၂၅၃ ဗိုလ်ကြီးဇင်မင်းမောင် ဌာနစုတာဝန်ခံ၊ အမှတ်(၁) တပ်မတော်အကြီးစားစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၅။ ကြည်း ၃၉၂၆၃ ဗိုလ်ကြီးအောင်ကျော်ကျော် ဌာနစုတာဝန်ခံ၊ အမှတ်(၁) တပ်မတော်အကြီးစားစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၆။ ကြည်း ၃၉၂၇၅ ဗိုလ်ကြီးအောင်ခိုင်ကျော် ဌာနစုတာဝန်ခံ၊ အမှတ်(၁) တပ်မတော်အကြီးစားစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၇။ ကြည်း ၃၉၂၈၈ ဗိုလ်ကြီးဝေလင်းအောင် အလုပ်ရုံခွဲမှူး၊ အမှတ်(၅) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၈။ ကိုယ်ပိုင်အမှတ် လေ ၁၇၃၁၁ အုပ်ခွဲတပ်ကြပ်ကြီးမြင့်စိုး တာဝန်ခံအကြပ်ကြီး၊ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၉။ ကြည်း ၂၄၈၈၉ ဗိုလ်မှူးနိုင်အေး ဌာနခွဲမှူး၊ အမှတ်(၄) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၀။ ကြည်း ၂၆၀၉၂ ဗိုလ်ကြီးစိုးသူရ ယာယီဌာနခွဲမှူး၊ အမှတ်(၄)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၁။ ကြည်း၂၆၂၄၉ ဗိုလ်ကြီးလှိုင်တင့် ယာယီဌာနခွဲမှူး၊ အမှတ်(၄)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၂။ ကြည်း ၂၇၀၀၀ ဗိုလ်ကြီးဝင်းခိုင် ယာယီဌာနခွဲမှူး၊ အမှတ်(၄) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၃။ ဦးအောင်စိုး ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂၄။ ဦးမြင့်စိုး လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

၂၅။ ဦးရန်အောင် ဒုတိယစက်ရုံမှူး၊ ဆေးဝါးစက်ရုံ(အင်ရောင်း)၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၂၆။ ဦးမြင့်ရွှေ စက်ရုံမှူး၊ အဆင့်မြင့်မီးခံအုတ်စက်ရုံ(ကျောက်ဆည်)၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၂၇။ ဦးအောင်သန့် လက်ထောက်စက်ရုံမှူး၊ မီးခံဘိလပ်မြေပြားစက်ရုံ(မှော်ဘီ)၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

(ဆက်လက်ဖော်ပြပါမည်။)

ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် အမျိုးသားပညာရေးမြှင့်တင်မှု အစီအမံများ စနစ်တကျချမှတ် ဆောင်ရွက်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ပညာရေးဝန်ကြီးဌာန ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဥရွှေစင်နှင့် သတ္တမတန်းကျောင်းသူ မတင်ထက်ထက်လွင်တို့က ဆောင်ရွက်ကြသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နိုင်ငံတကာနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သီဆိုဂုဏ်ပြု

ရှေးဦးစွာ ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **“နိုင်ငံတော်သီချင်း”**ဖြင့် သီဆိုဖွင့်လှစ်ပြီး **“မြန်မာ့သီချင်း”**ဖြင့် သီဆိုဂုဏ်ပြုကြသည်။

အစဉ်အလာကောင်း

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ပညာရေးမြှင့်တင်မှု အစီအစဉ်များအရ ၁၉၉၈–၉၉ ပညာသင်နှစ်က စတင်၍ နှစ်စဉ် ဇန်နဝါရီ ၃ ရက်ကျရောက်တိုင်း “ပညာရေးစုံညီပွဲတော်နေ့”အဖြစ် သတ်မှတ် ကျင်းပလာခဲ့ကြသည်မှာ ယခုအကြိမ်ဆိုလျှင် ဒသမအကြိမ်မြောက် အစဉ်အလာကောင်း တစ်ရပ်အဖြစ် စွဲစွဲမြဲမြဲ ဖြစ်တည်နေခဲ့ပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ပညာရေးစုံညီပွဲတော်နေ့များတွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းပေါင်း ၄၀၅၀၀ ကျော်၌ ဆရာ ဆရာမ နှစ်သိန်းခြောက်သောင်းကျော် အပါအဝင် အခြေခံပညာဝန်ထမ်းပေါင်း သုံးသိန်းတစ်သောင်းကျော်နှင့် ကျောင်းသူ ကျောင်းသား ရှစ်သန်းကျော်တို့အနေဖြင့် မိဘပြည်သူများ၊ ပညာရေးမိသားစုများ၊ ပညာရေး စေတနာရှင်များနှင့်အတူ ပေါင်းစုံစုစည်း၍ ကျောင်းသူ၊ ကျောင်းသားများ၏ စွမ်းရည်ပြပွဲများ၊ ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ထူးချွန်ဆုချီးမြှင့်ပွဲများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တက်တက်ကြွကြွ ကျင်းပနေကြခြင်းသည် အလွန်အားကောင်းခိုင်ခံ့လှသည့် အမျိုးသားပညာရည်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်မှုများ၏ စွမ်းအားကို ဖော်ညွှန်းပြသနေခြင်းဖြစ်၍ အလွန်ပင် အားရဂုဏ်ယူစရာကောင်းလှကြောင်း။

တိုးပွားဖြစ်ထွန်း

ယခုကဲ့သို့ ပညာရေးစုံညီပွဲတော်များတွင် မြင်တွေ့ရသည့် မြန်မာ့ပညာရေးလောက၏ တိုးတက်ဖြစ်ထွန်းမှုများ၊ ပညာရေးကဏ္ဍက ပြုစုပျိုးထောင် မွေးထုတ်ပေးလိုက်သည့် ဘက်စုံ ထူးချွန်ထက်မြက်သော ကျောင်းသူ ကျောင်းသားများ အရည်အသွေးထက်မြက်မြင့်မားနေပြီဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ စွမ်းဆောင်ရည်များသည် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ၏ ရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ထင်ဟပ်ဖော်ပြလျက်ရှိကြောင်း၊ ထို့အပြင် အောင်မြင်တိုးတက်ဖြစ်ထွန်းနေမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ခြင်းကြောင့် ရှေ့ဆက် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည့် လုပ်ငန်းများအတွက် ခွန်အားသစ်၊ အားမာန်သစ်များ တိုးပွားဖြစ်ထွန်းလာစေမှာ အမှန်ပင်ဖြစ်ကြောင်း။

ထုထည်ပမာဏ ကြီးမားကျယ်ပြန့်လှပြီး အမျိုးသားရေးရည်မှန်းချက် မြင့်မားနက်ရှိုင်းလှသည့် ပညာရေးကဏ္ဍ၏ လုပ်ငန်းရည်မှန်းချက်များနှင့်အညီ ယခုကဲ့သို့ အောင်မြင်ဖြစ်ထွန်းနေခြင်းသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် မူဝါဒ၊ အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်၏ လက်တွေ့ကျသည့် လုပ်ငန်းစဉ်များကြောင့်ဖြစ်ပြီး ကျောင်းသူ ကျောင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ပညာရေးစေတနာရှင်များ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့်လည်း ဖြစ်ကြောင်း။

စနစ်တကျချမှတ်

နိုင်ငံတော်အစိုးရအနေဖြင့် မျက်မှောက်ခေတ် မျိုးဆက်သစ်လူငယ်များကို အရည်အသွေးမြင့်မားပြီး ဘက်စုံ၊ ကဏ္ဍစုံတွင် ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပြုစုပျိုးထောင်ပေးခြင်းအားဖြင့်သာ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ရေရှည်ထိန်းသိမ်း မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုသည့် ခံယူချက်ဖြင့် အမျိုးသားပညာရေးမြှင့်တင်မှု အစီအမံများကို စနစ်တကျချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွင်းဆောင်ရွက်ခဲ့သည့် ပညာရေးလုပ်ငန်းများကိုရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လေ့ကျင့်ပျိုးထောင်

ကျောင်းသူ ကျောင်းသား လူငယ်များကို သိမှုနယ်ပယ်၊ ခံစားမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ်အသီးသီးတွင် သုတ၊ ရသ၊ ကာယ၊ ဉာဏ ဘက်စုံထူးချွန်အောင် စာပေပညာနှင့်ယှဉ်တွဲ၍ တတ်သိကျွမ်းကျင်မှု၊ ကျန်းမာသန်စွမ်းမှု၊ စာရိတ္တမြင့်မားမှု၊ အမျိုးသားရေးအသိအမြင်၊ အတွေးအခေါ်နှင့် စိတ်ဓာတ်ရေးရာ ခံယူချက် မြင့်မားခိုင်ကျည်မှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ ရသခံစားတတ်မှု စသည့် အရည်အသွေး၊ စိတ်ဓာတ်၊ ကျွမ်းကျင်မှုတို့ ဘက်စုံ၊ ကဏ္ဍစုံတွင် ပြည့်ပြည့်စုံစုံဖြစ်ထွန်းအောင် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ ထူးချွန်ဆုအသီးသီးရရှိကြသည့် ကျောင်းသူ ကျောင်းသား လူငယ်များအပါအဝင် တစ်နိုင်ငံလုံးတွင်ရှိကြသည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိတို့သည် နိုင်ငံတော်နှင့်တကွ မိဘပြည်သူများက မျှော်လင့်ချက် မြင့်မားစွာဖြင့် အနာဂတ်အတွက် အရင်းအနှီးကြီးမားစွာ ပေးဆပ်မြှုပ်နှံထားသည့် အဖိုးတန်အရင်းအမြစ်များဖြစ်သည်ကို လေးလေးနက်နက်ခံယူ၍ ပိုမိုထူးချွန်သည်ထက် ထူးချွန်အောင်၊ နိုင်ငံနှင့် လူမျိုးအကျိုးကို မိမိတို့ တတ်သိကျွမ်းကျင်ရာ အသိပညာ၊ အတတ်ပညာစွမ်းအားဖြင့် မြှင့်တင်စွမ်းဆောင်ပေးနိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာအောင် ဆက်လက်ပြီး ကျင့်ကြံအားထုတ် ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ၂၀၀၇–၂၀၀၈ ပညာသင်နှစ်တွင် အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆုရရှိကြသည့် ပြည်နယ်နှင့် တိုင်းများရှိ ကျောင်းများမှ ကျောင်းသားကျောင်းသူများအား ထူးချွန်ဆုများ ပေးအပ်စဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ပညာရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာတွင် အမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ခဲ့သည့် **ဆရာများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ တက္ကသိုလ် ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် သင်ကြားသင်ယူမှုလုပ်ငန်းများကို ခေတ်မီ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုစနစ် အသုံးပြု လေ့ကျင့်သင်ကြားမှုလုပ်ငန်းများ၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး စီမံချက်၊ သက်ကြီး စာမတတ်သူပပျောက်ရေးလုပ်ငန်းများတွင် ဒေသဆိုင်ရာ အာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ၊ မိဘ ဆရာနှင့် ကျောင်းသူ ကျောင်းသားများ ပူးပေါင်းပါဝင် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။**

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဘက်စုံပညာထူးချွန်ဆု ရရှိကြသော ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မရွှေရွှေအိ၊ ကယားပြည်နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မနန်းအင်ကြင်းဆွေ၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မနော်နီလာဝင်း၊ ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကမ်ဆန်ပဲန်း၊ စစ်ကိုင်းတိုင်း ကသာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်သူရိန်အုန်းနိုင်၊ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်သန့်အောင်ဖြိုး၊ ပဲခူးတိုင်း(အရှေ့ပိုင်း) ညောင်လေးပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇေယျာမြ၊ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မသင်းသွဲ့ရည်ထွဏ်း၊ မကွေးတိုင်း ချောက်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မထက်ထက်ဦး၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ မဆုမြတ်နှင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ မယုယုသီ၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဘိုကိုကို၊ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ထက်အောင်လင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ စိုင်းကောင်းသူရ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် နောင်ပိန် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ မနန်းခမ်းဟွမ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုင်းထောင်းခမ်းနှင့် ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကောင်းထက်အောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ဆုရကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က နိုင်ငံတကာနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပေးအပ်ပြီး ရွှေတံဆိပ်ဆုရ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထူးချွန်ဆုပေးအပ်

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသည့် ပြည်နယ်နှင့် တိုင်းများမှ အခြေခံပညာအထက်တန်းကျောင်း ၁၇ ကျောင်းတို့အတွက် သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများအား ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ပြီး ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နေပြည်တော် ပျဉ်းမနား အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ဘက်စုံဆင်နွှဲဆုနှင်းပွဲ"**သီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ခေတ္တရပ်နားသည်။

သီဆိုဂုဏ်ပြု

ဆက်လက်၍ ထူးချွန်ဆုချီးမြှင့်ပွဲအစီအစဉ် ဒုတိယပိုင်းကို နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"စုံညီပွဲတော် တို့နွှဲပျော်"** သီချင်းဖြင့် သီဆိုဂုဏ်ပြုသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆုရရှိကြသည့် ပြည်နယ်နှင့် တိုင်းများရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၆ ဦးတို့အား ထူးချွန်ဆုများကိုလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးခလေ့ တတ်ကျွမ်းမှုပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူ ၁၈ ဦးတို့အား ဆုများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က နိုင်ငံတကာ ပန်းချီပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးစီမံချက်အရ ထူးခြားသည့် ကျောင်းသား ကျောင်းသူ ငါးဦးတို့အား ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နေပြည်တော် ပျဉ်းမနား အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ဓာတ်မာန်"**သီချင်းဖြင့် သီဆိုဂုဏ်ပြုပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲကျင်းပရက်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၃

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၀၈ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲကျင်းပမည့်ရက်များကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဓမ္မာစရိယ ပထမပြန်စာမေးပွဲကို မိမိတို့ဝါဆိုရာ မြို့နယ်၊ စာဖြေဌာနၶ်သာ ဖြေဆိုရန် သတ်မှတ်ထားသော်လည်း ၂၀၀၈ ခုနှစ်တွင် မိမိတို့ရောက်ရာ နေရာဒေသစာဖြေဌာန၌ ဝင်ခွင့်လွှာများကို ထုတ်ယူတင်သွင်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ ဖြေဆိုရမည့်အချိန်ဇယားမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၀၈ ခုနှစ်၊ စာမေးပွဲအချိန်စာရင်းများ

ဓမ္မာစရိယ — ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်(ဗုဒ္ဓဟူးနေ့)မှ နှောင်းတန်ခူးလဆန်း ၆ ရက်(သောကြာနေ့)အထိ ၂-၄-၂၀၀၈ မှ ၁၁-၄-၂၀၀၈ အထိ၊ (တနင်္ဂနွေနေ့) ၆-၄-၂၀၀၈ နားရက်

ပထမပြန်စာမေးပွဲများ

၁။ မန္တလေးတိုင်း
စစ်ကိုင်းတိုင်း
မကွေးတိုင်း
ဧရာဝတီတိုင်း
ရန်ကုန်တိုင်း
ပဲခူးတိုင်း(အရှေ့)
ပဲခူးတိုင်း(အနောက်)

— ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် (တနင်္လာနေ့)မှ တပေါင်းလပြည့်ကျော် ၁၀ ရက် (တနင်္လာနေ့)အထိ ၂၄-၃-၂၀၀၈ မှ ၃၁-၃-၂၀၀၈ အထိ၊ ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် (ကြာသပတေးနေ့) ၂၇-၃-၂၀၀၈ တပ်မတော်နေ့ (နားရက်)

၂။ ကချင်ပြည်နယ်
ချင်းပြည်နယ်
ကရင်ပြည်နယ်
ကယားပြည်နယ်
တနင်္သာရီတိုင်း
မွန်ပြည်နယ်
ရခိုင်ပြည်နယ်
ရှမ်းပြည်နယ်(တောင်ပိုင်း)
ရှမ်းပြည်နယ်(မြောက်ပိုင်း)
ရှမ်းပြည်နယ်(အရှေ့ပိုင်း)

— ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက် (ဗုဒ္ဓဟူးနေ့)မှ နှောင်းတန်ခူးလဆန်း ၄ ရက် (ဗုဒ္ဓဟူးနေ့)အထိ ၂-၄-၂၀၀၈ မှ ၉-၄-၂၀၀၈ အထိ၊ နှောင်းတန်ခူးလဆန်း ၁ ရက်(တနင်္ဂနွေနေ့) ၆-၄-၂၀၀၈ (နားရက်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု ကဗျာရွတ်၊ ပုံပြောနှင့် ကျပန်းစကားပြောပြိုင်

ရန်ကုန် ဇန်နဝါရီ ၃

ချောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ပုံပြော၊ ကဗျာရွတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲကို မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(ဂ)အဆင့်ရုံးခန်းမတွင် ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသီဟ၊ ပင်မ မန်နေဂျာ ဦးသန်းဝင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနေရှင်းနှင့် အမှုဆောင်များ၊ ဌာနဝန်ထမ်းများ၊ ပြိုင်ပွဲဝင် မိသားစုဝင် သားသမီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးသီဟက အဖွင့်အမှာစကားပြောကြားပြီး ပင်မမန်နေဂျာ ဦးသန်းဝင်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကဗျာရွတ်နှင့် ပုံပြော၊ ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ကြောင်း သိရသည်။ **(က-ပ)**

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပနေ

ရန်ကုန် ဇန်နဝါရီ ၃

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ သာသနာတော်တွင် အဆင့်အမြင့်ဆုံးနှင့် အခက်ခဲ အနက်နဲဆုံးဖြစ်သည့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၄ ရက်အထိ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပလျက်ရှိသည်။

လှူဒါန်းနိုင်

ယင်းစာမေးပွဲသို့ အာဂုံပြန် သာသနာ့အာဇာနည် အရှင်မြတ် ၁၃၅ ပါးနှင့် သဘောရေးဖြေသာသနာ့ အာဇာနည် ၁၁၉ ပါးတို့ ပြန်ဆို/ဖြေဆိုတော်မူကြရာ ဗုဒ္ဓဘာသာဝင် သူတော်စင်များ လာရောက်ဖူးမြော် ကြည်ညိုနိုင်ကြောင်းနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ကမ္ဘာအေး မုခ်ဦးစောင်းတန်းရှိ အလှူခံမဏ္ဍပ်နှင့် မဟာပါသာဏလိုဏ်ဂူတော် တောင်ဘက်မုခ်ရှိ အလှူခံမဏ္ဍပ်တို့၌လည်းကောင်း၊ ဖုန်း-၆၆၀၂၆၉၊ ၆၅၂၇၉၄ နှင့် ၆၆၃၁၂၂ တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

တွဲလက်ညီညီ ရှေ့သို့ချီသော်

လွတ်လပ်ရေးသည် ပထမ၊
လွတ်လပ်ရေးသည် ဒုတိယ၊
လွတ်လပ်ရေးသည် တတိယဟု
မိဘဘိုးဘွား၊ သံမှုန်စားတို့
ကျောက်သားနှလုံး၊ မြဲခိုင်ထုံးဖြင့်
လုံးလုံးပိုင်ရေး၊ လွတ်လပ်ရေးကို
သွေးချွေးပေးဆက်၊ လက်ချင်းယှက်၍
လင်းလက်ကြယ်ပြောင်၊ အရဆောင်ကာ
ပြည်ထောင်တစ်ခေတ်ဆန်းခဲ့သည်။

လွတ်လပ်ရေးနေ့၊ သည်ယနေ့သည်
ဆယ်ပြည့်ခြောက်လီ၊ တိုင်ခဲ့ပြီတည့်
ညီညီညာညာ၊ ပေါင်းစုပါလျှင်
ဝေဆာသုခ၊ အမှန်ရလိမ့်
ချိန်ဆတွေးခေါ်၊ ဘေးမချော်နှင့်
လျော်ကန်သည့်လမ်း၊ မလျှောက်လှမ်းမူ
တက်လမ်းလည်းဝေး၊ ပန်းတိုင်ဝေးလိမ့်
ဟိုရှေးသမိုင်း၊ အတိတ်ပိုင်းကို
မဆိုင်းသတိရသင့်သည်။

မြန်ပြည်ဘောင်ဝယ်
ညီနောင်တစ်ခု၊ ပြည်ထောင်စုကို
ပြုစုပျိုးထောင်၊ ခေတ်မီအောင်လျှင်
ရှေ့ဆောင်ပြလမ်း၊ ခုနစ်ခန်းဖြင့်
လှမ်းတက်ညီညီ၊ ရှေ့သို့ချီသော်
မြင့်မီမကြာ၊ ဖွံ့ဖြိုးသာလိမ့်
ဝဲယာယိမ်းထိုး၊ ဟုတ်လိမ့်နိုးဖြင့်
သွေးထိုးစကား၊ မယုံစားနှင့်
ကျားငစဉ်းလဲ၊ ကောက်ကျစ်မြဲကို
ရင်ထဲသည်းထဲ၊ အသိကဲ၍
တွဲလက်ခိုင်ခိုင်၊ အားသစ်မြိုင်လော့
ပန်းတိုင်ရောက်ဖို့ စည်းလုံးစို့။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်-

ပန်းတောင်းသန်းကြွယ်

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တန်းမြို့နယ် ပါဒကြီး စံပြကျေးရွာအဝင် ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (မြို့နယ်စည်ပင်)

ဇန်နဝါရီ ၃ ရက်က တာမွေဈေးမိသားစု အားကစားပြိုင်ပွဲများကို ဈေးအတွင်းကျင်းပရာ ခေါင်းအုံးရိုက်ပွဲ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။ (မြန်မာ့အလင်း)

ဒီဇင်ဘာ ၂၈ ရက်က လှည်းကူးမြို့နယ် ကလီထော်ကျေးရွာအုပ်စုနှင့် ပိုက်ကြီးဝဲကျေးရွာ အုပ်စုတို့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင့်ဝေနှင့် ဦးထင်အောင်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့် စိစစ်ကြီးကြပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၃ ရက်က တာမွေဈေးမိသားစု၏ ပျော်ပွဲရွှင်ပွဲအဖြစ် အားကစားပြိုင်ပွဲများကို ဈေးအတွင်းကျင်းပရာ ချောတိုင်တက်ပြိုင်ပွဲ၌ အောင်လံဆု တစ်သောင်းငါးထောင်ရရှိရေးအတွက် ကြိုးစားတက်ရောက်နေစဉ်။ (မြန်မာ့အလင်း)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

ဇန်နဝါရီ ၃

ဘူတိုအား လုပ်ကြံသူများ၏ဓာတ်ပုံထုတ်ပြန်

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်းနှင့် အတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်သူ ဘာနာဇီယာဘူတိုအား လုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်သည့် အမျိုးသားနှစ်ဦး၏ ဓာတ်ပုံများကို ပါကစ္စတန်အရာရှိများက ထုတ်ပြန်လိုက်သည်။

ရုပ်မြင်သံကြား ကင်မရာဖြင့် ရိုက်ယူထားသော ဓာတ်ပုံများတွင် ပစ်ခတ်လုပ်ကြံမှုနှင့် ဗုံးပေါက်ကွဲမှု မဖြစ်ပွားမီ နေကာမျက်မှန်တပ်ထားသော အမျိုးသားတစ်ဦးနှင့် အဖြူရောင်ခေါင်းစွပ်ကို စွပ်ထားသည့် အမျိုးသားတစ်ဦးကို ဖော်ပြထားသည်။ ဘာနာဇီယာဘူတိုကို လုပ်ကြံသူများ ဖြစ်ဖွယ်ရှိသဖြင့် သတင်းအတိအကျပေးသူများအား ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၆၄၀၀၀ ချီးမြှင့်မည်ဟု ပါကစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပါကစ္စတန်၌ ရွေးကောက်ပွဲရက်ရွှေ့ပြီးနောက် ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံတွင် ဖေဖော်ဝါရီ၁၈ရက်အထိ ရွေးကောက်ပွဲရက် ရွှေ့ဆိုင်းလိုက်သည့် သတင်းထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း ကရာချိမြို့နှင့် အခြားမြို့များတွင် ဗုံးပေါက်မှုများဖြစ်ပွားရာ လူ ၆၀ သေဆုံးခဲ့သည်။

ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်းနှင့် အတိုက်အခံခေါင်းဆောင် နဝပ်ရှရစ်ဖ်က ရွေးကောက်ပွဲကို အမြန်ဆုံးကျင်းပရန် တောင်းဆိုလိုက်သည်။

ကင်ညာ၌ အကြမ်းဖက်ဆူပူသူ ၅၀၀ကျော်အား ဖမ်းဆီး

ကင်ညာနိုင်ငံတွင် သုံးရက်အတွင်း ဗုံးပေါက်ကွဲမှုများကြောင့် ၂၇၅ ဦးကျော် သေဆုံးခဲ့ရမှုအပေါ် အိမ်နီးချင်း ယူဂန္ဓာနိုင်ငံက စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း ပြောကြားသည်။

ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဆူပူအကြမ်းဖက်မှုများ နေ့စဉ်ဖြစ်ပွားနေသဖြင့် ကင်ညာအစိုးရက အကြမ်းဖက်ဆူပူမှုတွင် ပါဝင်သည့် ပြည်သူ ၅၀၀ကျော်ကို ဖမ်းဆီးခဲ့သည်။

အာဖဂန်နစ္စတန်၌ ဗုံးခွဲတိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့နှင့်အခြားမြို့များတွင် လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ၁၉ ဦး သေဆုံးခဲ့သည်။ ဗုံးခွဲတိုက်ခိုက်မှုများမှာ အာဖဂန်နစ္စတန် တောင်ပိုင်းဒေသများနှင့် ဟယ်မန့်ပြည်နယ်တို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူများတွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး အပါအဝင် အမေရိကန်နှင့် အပေါင်းအပါတပ်ဖွဲ့မှ ငါးဦးသေဆုံးခဲ့သည်။ ကျန်သေဆုံးသူများမှာ အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများဖြစ်သည်။

ရေနံဈေးနှုန်းတစ်စည်လျှင် ဒေါ်လာ ၁၀၀ ခန့်အထိမြင့်တက်လာ

နိုင်ဂျီးရီးယားနိုင်ငံတွင် မတည်မငြိမ်ဖြစ်နေမှုကြောင့် ရေနံဈေးနှုန်းတက်ခဲ့ရာ ပြည်တွင်း၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ၁၀၀ ခန့်အထိ ရှိလာခဲ့ကြောင်း နိုင်ဂျီးရီးယား ရေနံလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

ကမ္ဘာ့ရေနံဈေးကွက်တွင်လည်း ရေနံဈေးနှုန်းများ တိုးမြင့်လာပြီး ရေနံတစ်စည်လျှင် အမေရိကန် ဒေါ်လာ၉၉ ဒသမ ၆၁ ဒေါ်လာအထိ တက်လာသည်။

ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာပြီး အမေရိကန်ဒေါ်လာငွေကြေးများ တန်ဖိုးကျဆင်းနေချိန်တွင် ကမ္ဘာ့ရွှေဈေးနှုန်းလည်း မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၈၅၅ ဒသမ ၁၀ ဒေါ်လာအထိရှိခဲ့ရာ ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်ကထက် ၃၀ ရာခိုင်နှုန်း တိုးမြှင့်လာခဲ့သည်။

တရုတ်နှင့် ဆော်ဒီ စီးပွားရေးပူးပေါင်းမည်

ဆော်ဒီအာရေဗျနိုင်ငံသည် တရုတ်နိုင်ငံနှင့် မဟာဗျူဟာကျကျ နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား ဆူလ်တန်ဘင်အဗ္ဗဒူလာအဇစ်က ပြောကြားလိုက်သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် တရုတ်နိုင်ငံနှင့်အတူ စီးပွားရေးနှင့် နိုင်ငံရေးရာကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ပူးတွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ဂါဇာကမ်းမြောင်ကို အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်

ဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အရပ်သားလေးဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အစ္စရေးတို့အနေဖြင့် စစ်ရေးအရ တိုက်ခိုက်မှုသည် ပြည်သူများအား ထိခိုက်သေဆုံးမှုကို ဖြစ်ပေါ်စေသဖြင့် မိမိတို့တုံ့ပြန်မှု ပြုလုပ်မည်ဖြစ်ကြောင်း ပါလက်စတိုင်း လက်နက်ကိုင်များက ပြောကြားသည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **ဘယ်လ်ဂျီယံနိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်း ဇန်နဝါရီ ၃ ရက် နံနက်က ပင်လယ်နက်မြောက်ပိုင်း၌ မုန်တိုင်းမိပြီး နစ်မြုပ်ခဲ့သည်။** (ယာပုံ)
- *အိန္ဒိယနိုင်ငံ ဗီဂျာယာဝါဒါမြို့တွင် ရှေးဟောင်း ဘာသာရေးအဆောက်အအုံတစ်ခု ဇန်နဝါရီ၃ ရက်က ပြိုကျခဲ့ရာ ငါးဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။*
- **ဗြိတိန်နိုင်ငံအရှေ့မြောက်ပိုင်းဒေသများတွင် ဇန်နဝါရီ၃ ရက် နံနက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ရာ မော်တော်ယာဉ် အသွားအလာများ ပြတ်တောက်ခဲ့ရပြီး လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသည်။**
- *အိုင်ဗရီကို့စ်နိုင်ငံ အဘာစ်ဂျန်မြို့တွင် ဇန်နဝါရီ၂ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။*
- **တရုတ်နိုင်ငံ အူရမ်ကီမြို့တွင် ဇန်နဝါရီ၃ ရက်က ၁၂ ထပ်မြင့်သော ဈေးရောင်းအဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆောက်အအုံအစိတ်အပိုင်းအများအပြား ပျက်စီးဆုံးရှုံးခဲ့သည်။**
- *အီရန်နိုင်ငံ တီဟီရန်မြို့ လေဆိပ်တွင် ဇန်နဝါရီ၃ ရက် နံနက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းခဲ့ရာ ခရီးသည် ၁၀၀ တင်ဆောင်လာသော လေယာဉ်တစ်စင်း လေဆိပ်အဆင်းတွင် ပျက်ကျခဲ့သော်လည်း သေဆုံးမှုမရှိကြောင်း သိရသည်။*
- **ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တောင်ဘက် ဒါလီစဝါရီမြစ်အတွင်း ဇန်နဝါရီ၃ ရက်က ခရီးသည်တင် စက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ လူ ၂၀ ပျောက်ဆုံးနေပြီး ကျန်လူများကို ကယ်ဆယ်နိုင်ခဲ့သည်။**
- *တရုတ်နိုင်ငံ ဟာဘင်မြို့တွင် ဇန်နဝါရီ၂ ရက်က နိုင်ငံတကာရေခဲရုပ်တုပြိုင်ပွဲကျင်းပရာ ကမ္ဘာပေါ်၌ အကြီးဆုံးရေခဲရုပ်တုများပြိုင်ပွဲ ဖြစ်သည်။*

နိုင်ငံတကာ မှုခင်း

ချောင်းကိုပစ်၍ မြစ်ကို ရှာခဲ့မိရာဝယ်

အမေရိကန်နိုင်ငံ စစ္စကွန်ဆင်ပြည်နယ် အရှေ့တောင်ပိုင်းရှိ မစ်ချီဂန်ရေအိုင်ကြီး၏ ကမ်းနဖူးတွင် မီလ်ဝေါကီဟူသော မြို့ကလေးတစ်မြို့ရှိသည်။ ရေအိုင်ကြီး၏နံဘေးတွင်ရှိသောကြောင့် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပြီး လှပသာယာသောမြို့၏ ရှုခင်းနှင့် ရေအိုင်ကြီး၏ မြင်ကွင်းတို့မှာ ပနံရလှသည်။

ပျော်ရွှင်ချမ်းမြေ့

မီလ်ဝေါကီမြို့တွင် အသက် ၃၈ နှစ်အရွယ်ရှိ မာ့ခ်ဂျင်ဆင်နှင့် အသက် ၃၄ နှစ်အရွယ်ရှိ ဂျူလီဂျင်ဆင်တို့ဇနီးမောင်နှံသည် အသက်ခုနစ်နှစ်အရွယ်နှင့် လေးနှစ်အရွယ်ရှိ သားနှစ်ဦးနှင့်အတူ ပရေရီသီရိဂေဟာဟု အမည်ရသော အိမ်ကလေး၌ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြလေသည်။ မာ့ခ်နှင့် ဂျူလီတို့၏အိမ်မှာ ပေ ၁၅၀ ပတ်လည်ခန့် ကျယ်ဝန်းသော ခြံဝင်းကြီး၏ အလယ်တွင် ပေ ၅၀ ပတ်လည်ခန့်ကျယ်သော နှစ်ထပ်တိုက်တစ်လုံးကို ခေတ်မီလှပစွာ တည်ဆောက်ထားသည်။ အိမ်၏ လေးဖက်လေးတန်တွင်လည်း လသာဆောင်များကို ထားရှိသဖြင့် ပတ်ဝန်းကျင်၏ အလှအပရှုခင်းများကို အိမ်၏ အဘက်ဘက်ရှိ လသာဆောင်များမှ ကြည့်ရှုခံစားနိုင်သည်။ အိမ်၏ ခေါင်းရင်းဘက်တွင် ကျန်းမာရေးလေ့ကျင့်ရန်အတွက် အတော်အတန် ကျယ်ဝန်းသော ရေကူးကန်တစ်ခုကိုထားရှိသည်။ ထို့အပြင် အိမ်၏ခြေရင်းဘက်တွင် ကစားကွင်းလေးတစ်ခုကို ထားရှိသည်။ အိမ်ရှေ့ကွက်လပ်တွင်လည်း ပန်းခြံကလေးတစ်ခုကိုလည်း ထားရှိသဖြင့် မိသားစုဝင် လေးဦး၏နေအိမ်ကလေးမှာ သာယာကြည်နူးဖွယ်၊ နေထိုင်ချင့်စဖွယ်ကောင်းသော သီရိဂေဟာကလေး ဖြစ်နေတော့သည်။

ဖခင်ကောင်းပီသ

ခင်ပွန်းသည်မာ့ခ်သည် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သဖြင့် စီးပွားရေးသမားပီသပြီး စီးပွားရေးကို ကျားကုတ်ကျားခဲ ရှာဖွေသကဲ့သို့ တစ်ဖက်တွင်လည်း မိသားစုအပေါ်တွင် တာဝန်ကျေပွန်သည်။ မာ့ခ်သည် ဇနီးသည် ဂျူလီအပေါ်တွင် ချစ်ခင်ကြင်နာသော ခင်ပွန်းကောင်းတစ်ဦးဖြစ်ပြီး သားသမီးများအပေါ်တွင်လည်း ဂရုစိုက်ကာ ဖခင်ကောင်းပီသသူတစ်ဦးဖြစ်သည်။

၎င်းသည် စီးပွားရေးကို ကြိုးစားပမ်းစား ရှာဖွေသလို တစ်ဖက်တွင်လည်း မိသားစုအတွက် အချိန်ယူပြီး နွေးထွေးကြင်နာစွာ နေထိုင်လေသည်။ ဇနီးသည်ဂျူလီသည်လည်း ခင်ပွန်းသည် မာ့ခ်အပေါ် ဇနီးသည်ကောင်းပီသပြီး သားသမီးများအတွက် မိခင်ကောင်းတစ်ဦးဖြစ်သည်။ ခင်ပွန်းသည်၏ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးပြီး သားသမီးများကိုလည်း အထူးဂရုစိုက် စောင့်ရှောက်ကာ အိမ်ထောင်ထိန်းသိမ်းမှုနိုင်နင်းသော အမျိုးသမီးဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ခင်ကြင်နာသော၊ ပတ်ဝန်းကျင်က စံပြဇနီးမောင်နှံအဖြစ် နမူနာယူရသော ဇနီးမောင်နှံဖြစ်ခဲ့လေသည်။

ထိုသို့နေထိုင်လာခဲ့ရာမှ ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်နေ့တွင်မူ ခင်ပွန်းဖြစ်သူ မာ့ခ်အဖို့ ကြမ္မာဆိုးဝင်ကာ ကမ္ဘာပျက်ခဲ့သော နေ့ပင်ဖြစ်တော့သည်။

ထိုနေ့တွင် ဇနီးသည် ဂျူလီ မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန်သွားသောကြောင့်ဖြစ်သည်။ မာ့ခ်အနေဖြင့် ဇနီးသည် ဂျူလီအတွက် ယူကျုံးမရဖြစ်ရသလို ၎င်း၏သားသမီးများ၏ ရှေ့ရေးအတွက် စိတ်အကြီးအကျယ် ထိခိုက်ခဲ့ရလေသည်။ ပတ်ဝန်းကျင်ကလည်း မာ့ခ်တို့ဇနီးမောင်နှံ၏အဖြစ်ကိုကြည့်ကာ သနားစာနာခဲ့ကြသည်။ မာ့ခ်သည် ဇနီးသည် ဆုံးပါးပြီးနောက် သုံးနှစ်တာကာလဖြစ်သည့် ၂၀၀၁ ခုနှစ်အထိ နောက်အိမ်ထောင်မပြုဘဲ သားငယ်နှစ်ဦးနှင့်အတူ ချစ်ခင်နွေးထွေးစွာ နေထိုင်ခဲ့လေသည်။ မာ့ခ်သည် ဇနီးသည် မရှိသည့် ဘဝတွင် သားနှစ်ဦးနှင့်အတူ ဘဝကို ကသီလင်တနိုင်စွာ ဖြတ်သန်း ခဲ့ရလေသည်။ ၂၀၀၂ ခုနှစ်တွင်မူ ပတ်ဝန်းကျင်၏ အကြံပြုချက်နှင့် နောက်အိမ်ထောင် ပြုခဲ့လေသည်။ သူ၏ နောက်အိမ်ထောင်မှာ ၂၄ နှစ်အရွယ် အမျိုးသမီးတစ်ဦး ဖြစ်သည်။

ပြီးပျော်ခဲ့စဉ်က မာ့ခ်နှင့် ဂျူလီတို့ ဇနီးမောင်နှံ။

စတင်စစ်ဆေး

မာ့ခ် အိုးသစ်အိမ်သစ်ထူထောင်ပြီး နောက်နှစ်ဖြစ်သည့် ၂၀၀၂ ခုနှစ်တွင် ဒုတိယအကြိမ် ပြဿနာတစ်ရပ်နှင့်ကြုံရလေသည်။ အကြောင်းမှာ မာ့ခ်သည် ၎င်း၏ဇနီးသည် ဂျူလီကိုသတ်မှုဖြင့် တရားစွဲဆိုခံရသောကြောင့်ဖြစ်လေသည်။ ၎င်း၏ဇနီး ဂျူလီက ၁၉၉၈ ခုနှစ် ၎င်းမသေမီတွင် သူ၏ခင်ပွန်းသည် မာ့ခ်သည် သူ့ကို သတ်ရန် ကြံစည်နေကြောင်း၊ အကယ်၍ သူသေဆုံးခဲ့ပါက ခင်ပွန်းသည်၏ လက်ချက်သာဖြစ်ကြောင်း အိမ်နီးချင်းတစ်ဦးနှင့် ဆရာတစ်ဦးကို စာဖြင့် ရေးသားပြောကြားခဲ့သည်ဟု ရဲအဖွဲ့က ဂျူလီ၏စာဖြင့် ရုံးတွင် တင်ပြ လျှောက်လဲခဲ့သောကြောင့်ဖြစ်သည်။ ယင်းစာတွင် သူ၏သံသယသည် မှားယွင်းပါစေဟု ဆုတောင်းခဲ့ကြောင်း၊ ဘာမျှ မဖြစ်ပေါ်စေလိုကြောင်း၊ ခင်ပွန်းသည်၏ အမူအရာကို သံသယရှိပြီး အသတ်ခံရမည်ကို ထိတ်လန့်ကြောက်ရွံ့မိကြောင်း ဂျူလီ၏စာတွင် ဖော်ပြထားသည်။ ထို့အပြင် ၎င်း၏ခင်ပွန်း မာ့ခ်သည် ၎င်းမကြိုက်သော ဝိုင်အရက်ကို ၎င်းအား အတင်းတိုက်ခဲ့ကြောင်း၊ ၎င်းက မသောက်ချင်သဖြင့် တစ်ခန်းဝင် တစ်ခန်းထွက် ရှောင်ပြေးသော်လည်း တွန်းလှဲ၍ အတင်းတိုက်ကြောင်း၊ ၎င်းတို့ဇနီးမောင်နှံတွင် လူမှုရေးပြဿနာရှိကြောင်းလည်း ဖော်ပြထားသည်။ မာ့ခ်သည် ယခုအခါ အသက် ၄၈ နှစ်ရှိနေပြီး အခင်းဖြစ်စဉ်က ၎င်း၏ လက်ရှိ ဇနီးဖြစ်သူ မိန်းကလေးအဖော်တစ်ဦးကို လက်ထပ်လိုမှုကြောင့် ယခု သက်ရှိထင်ရှားရှိပါက ၄၄ နှစ်အရွယ်ရှိမည့် ဇနီးသည် ဂျူလီကို အဆိပ်တစ်မျိုးဖြစ်သည့် အက်သလင်းဂလိုင်ကောလ် အနည်းဆုံးနှစ်ခွက်ခန့် တိုက်ကျွေးခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။ ၎င်း၏အမှုကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စစ်ဆေးခဲ့သည်။

သင်ခန်းစာယူဖွယ်

အချစ်ဟောင်းကိုပစ်ပြီး အချစ်သစ်ကိုရှာသော မာ့ခ်အဖို့ ချောင်းကိုပစ်၍ မြစ်ကိုရှာခဲ့သည့်ရလဒ်က ထောင်တွင် နှစ်ပေါင်း မည်မျှပေးဆပ်ရမည်ကို မခန့်မှန်းနိုင်သဖြင့် ဘဝသင်ခန်းစာ ရယူဖွယ်အဖြစ် ဖော်ပြလိုက်ရပါသည်။ ။

ကိုးကားရေးသားသူ – ချစ်စိုးနိုင်

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားစွမ်းရည်ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန ကျောင်းသားကျောင်းသူများ၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားစွမ်းရည်ပြိုင်ပွဲကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

အစီအစဉ်အရ ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန ကျောင်းသား ကျောင်းသူများ၏ အားကစားစွမ်းရည်ပြိုင်ပွဲများကို ကျင်းပကြပြီး ဆုရရှိသူများအား မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဆုများချီးမြှင့်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁ရက်က သာသနာ့ဟိတဝတ်အသင်း၏ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသင်္ကန်း၊ နံ့သာ ၉၀၀၀၊ ပန်း ၉၀၀၀နှင့် (၂၂) ကြိမ်မြောက် ဆီမီး ၉၀၀၀ပူဇော်ပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင် အင်္ဂါထောင့်၌ကျင်းပရာ ဘုရားဖူးပြည်သူများက ဆီမီးပူဇော်ကြစဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန ကျောင်းသား ကျောင်းသူများ၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားစွမ်းရည်ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ရမ်းဗြဲမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၃

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသည့် ဆရာတော်ကြီးများ ပူဇော်ပွဲ၊ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်ဂုဏ်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက် ၇၅ နှစ် နှင့် အထက် ပုဂ္ဂိုလ်များစာရင်းကို မှတ်ပုံတင်မိတ္တူ ပူးတွဲ၍ လည်းကောင်း၊ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင် သားသမီးများ စာရင်းကို အမှတ်စာရင်းမိတ္တူ ပူးတွဲ၍ ဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း–၅၁၃၄၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းနိုင် ဖုန်း–၀၉–၉၉–၂၄၃၆၃၊ ဦးဦးသာရွှေ ဖုန်း–၀၉–၅၁–၆၅၈၆၀၊ ဦးတင်လှ ဖုန်း–၀၉–၅၀–၂၁၁၂၉၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း–၀၉–၅၀–၁၄၂၆၄ နှင့် ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း–၂၅၂၄၁၀ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(က–ပ)**

လီဗာပူးတို့ အိမ်ကွင်း၌သရေကျ မန်စီးတီးနိုင်ပွဲရပြီး စတုတ္ထနေရာတက်လာ

လန်ဒန် ဇန်နဝါရီ ၃

ပရီမီယာလိဂ်ပွဲစဉ်(၂၁)ကို ဇန်နဝါရီ ၃ရက်က ဆက်လက်ကစားရာ လီဗာပူးနှင့် ဝီဂန်တို့ပွဲတွင် တစ်ဂိုးစီသရေဖြစ်သွားသဖြင့် လီဗာပူးတို့ ထိပ်ဆုံးမှ အာဆင်နယ်နှင့် တစ်ပွဲလျော့ ၁၂မှတ် ကွာသွားပြီဖြစ်သည်။ ထို့အတူ မန်ယူနှင့်လည်း တစ်ပွဲလျော့ ၁၀မှတ်ကွာသွားခဲ့ပြီး တန်းစီဇယား ပဉ္စမနေရာသို့ ဆင်းသွားသည်။

သရေပွဲဖြစ်

လီဗာပူးအတွက် တောရက်စ်က ၄၉မိနစ်၌ ဂိုးသွင်းယူခဲ့ပြီး ဝီဂန်အတွက် ချေပဂိုးကို မိနစ်၈၀၌ ဘရမ်လီက သွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲ ဖြစ်သွားခဲ့သည်။

စတုတ္ထနေရာ

နယူးကာဆယ်နှင့်မန်စီးတီးတို့ပွဲတွင် မန်စီးတီးက အဝေးကွင်း၌ နှစ်ဂိုး ပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ မန်စီးတီးအတွက် ဂိုးများကို ၃၈မိနစ်၌ အီလာနိုက သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ၇၆မိနစ်၌ ဂီလ်ဆင်ကသွင်းပေးခဲ့ခြင်းဖြစ်သည်။ မန်စီးတီးသည် ယခုပွဲ အနိုင်ရရှိသဖြင့် တန်းစီဇယား စတုတ္ထနေရာသို့ တက်လာသည်။

အနိုင်ဂိုး

ဘော်လ်တန်နှင့်ဒါဘီတို့ပွဲတွင် ဘော်လ်တန်တို့ အိမ်ကွင်း၌ နောက်ကျဂိုးဖြင့် ကံကောင်းစွာ အနိုင်ရရှိခဲ့သည်။ ဘော်လ်တန်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် မိနစ်၉၀၌ စတီလော့စ်က သွင်းယူပေးခဲ့သဖြင့် တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘလက်ဘန်းနိုင်ပွဲရ

ဘလက်ဘန်းနှင့်ဆန်းဒါးလန်းတို့ပွဲတွင်လည်း ဘလက်ဘန်းတို့၅၇မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် မက္ကာသီ ကန်သွင်းယူခဲ့သဖြင့် တစ်ဂိုးရရှိခဲ့သည်။ ဆန်းဒါးလန်းက ၅၂မိနစ်၌ ပယ်နယ်တီရရှိမှုကို ဒိန်းဗိုက်ဟိဒ်က ဝင်အောင်မကန်သွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး–ဂိုးမရှိဖြင့် ဆန်းဒါးလန်းတို့ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်)

မင်္ဂလာဒုံ တပ်မတော် ကလေးများကျောင်း အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (မင်္ဂလာဒုံ တပ်မတော် ကလေးများကျောင်း)မှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ ညှိနှိုင်းဆွေးနွေးကြရန်နှင့် ငွေပဒေသာပင် စာရင်းရှင်းလင်းခြင်းတို့ကိုလည်းကောင်း၊ အဖွဲ့အစည်းသစ် ပြန်လည်ဖွဲ့စည်းခြင်းကိုလည်းကောင်း ဇန်နဝါရီ ၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ အစည်းအဝေး ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးအောင်ရွှေ၊ ဒေါ်မြင့်မေ ဖုန်း–၆၂၀၅၅၁၊ ဦးခင်မောင်ရင် ဖုန်း–၅၆၀၅၂၄၊ ဗိုလ်မှူးအုန်းသောင်(ငြိမ်း) ဖုန်း–၆၃၅၃၉၆၊ ဦးအေးကို ဖုန်း–၆၀၀၀၉၃ နှင့် ဆရာမကြီး ဒေါ်မြင့်မြင့်ဌေး ဖုန်း–၆၃၅၀၁၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု ယဉ်ကျေးမှုဝန်ကြီးဌာန ရွှေမြန်မာအငြိမ့်ဖြင့်ဖျော်ဖြေ

နေပြည်တော် ဇန်နဝါရီ ၃

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၏ ရွှေမြန်မာအငြိမ့်အဖွဲ့ ကပြဖျော်ဖြေတင်ဆက်မှုများကို ယနေ့ည ၇ နာရီတွင် နေပြည်တော် ဘော်လီဘော အားကစားပြိုင်ပွဲကွင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

ဖျော်ဖြေတင်ဆက်

ရှေးဦးစွာ ရွှေမြန်မာအငြိမ့်အဖွဲ့ ရှာစား ကျော်ဆန်းဝင်း ဆိုင်းအဖွဲ့က ပဏာမ ညှော့ခံတီးလုံးများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ကပြ

ထို့နောက် ရွှေမြန်မာအငြိမ့် အဖွဲ့သားများက ဘုရားကန်တော့ခန်း၊ ပဒေသာယိမ်းအကများ၊ တေးသံသာများဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

သီဆို

ယင်းနောက် ရေ့ထွက်မင်းသမီး ရွှေရည်ဝင်းက ဂီတစာဆို မလှိုင်သန်းထွန်း ရေးသားသီကုံးသော မင်္ဂလာတေးကဗျာ သီချင်းဖြင့်လည်းကောင်း၊ အလယ်ထွက်မင်းသမီး ဝိုင်းချစ်ချစ်အောင်က ရှာစားကျော်ဆန်းဝင်း ရေးသားသီကုံးသော ပီတိရွှန်းမြနှလုံးလှ သီချင်းဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြပြီး လူရွှင်တော် မိုးယံ၊ ဝသန်၊ စိုပြေနှင့် တိမ်ပြာတို့ကလည်း ပရိသတ်များအား ဟာသပြက်လုံးများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ခေါင်းဆောင်မင်းသမီး သန္တာလင်းက ဂီတစာဆို မလှိုင်သန်းထွန်း ရေးစပ်သီကုံးသော ကုန်း ဘောင်အိပ်မက် သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ရာ ပရိသတ်များ စိတ်နှလုံးရွှင်လန်း ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေးကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အငြိမ့်အဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ဇန်နဝါရီ ၄ရက်နှင့် ၅ရက်ညများတွင် ဆက်လက်ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ပြီး ဇန်နဝါရီ ၄ ရက်တွင် တင့်လှပေဟန် အငြိမ့်အဖွဲ့ဖြင့်လည်းကောင်း၊ ဇန်နဝါရီ ၅ ရက်ညတွင် ရွှေမြန်မာအငြိမ့်အဖွဲ့ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အေးလှပါဘီ

ဟားခါး
၀ ဒီဂရီစင်တီဂရိတ်

လွိုင်လင်
၀ ဒီဂရီစင်တီဂရိတ်

နမ့်စန်
၄ ဒီဂရီစင်တီဂရိတ်

ဟဲဟိုး
၄ ဒီဂရီစင်တီဂရိတ်

ကဏန်းပျော့၊ ငါးအသားလွှာနှင့် ငါးအူချောင်းများအကြောင်း ဗဟုသုတတိုးပွားရရှိစေသည့် ရေထွက်ပစ္စည်းဈေးပွဲတော်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ကျင်းပနေသည်မှာ စတုတ္ထနေ့ ရှိခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ရုံးဝင်းအတွင်း ရေထွက်ပစ္စည်းများ ခင်းကျင်းရောင်းချနေသော ဆိုင်များ၊ လာရောက်ဝယ်ယူအားပေးနေသူများနှင့် စည်ကားလျက်ရှိသည်။

ကဏန်းပျော့ဖြစ်စဉ်

မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်တွင် ယခုနှစ်၌ ထူးခြားစွာခင်းကျင်းပြသထားသည်မှာ ကဏန်းပျော့ပြခန်းမှ ကဏန်းပျော့များပင် ဖြစ်သည်။ ကဏန်းပျော့နှင့်ပတ်သက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး(၁)နှင့် ကဏန်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနှင်းဦးက **“ကဏန်းပျော့တွေကို အရင်ကတော့ ရန်ကုန်မှာ မထုတ်လုပ်နိုင်ခဲ့ဘူး၊ အခုတော့ သန်လျင်မှာ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို၂၀၀၆ခုနှစ်ကစပြီး အောင်မိုးခိုင်ကုမ္ပဏီက စတင် လုပ်ကိုင်နေပါတယ်။ ဒီနှစ် ကဏန်းပျော့တွေကို ခင်းကျင်းပြသတာဟာ ရန်ကုန်တိုင်းအတွင်းမှာ ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးလာစေဖို့အတွက်ပါ”**ဟု ရှင်းပြသည်။

ကဏန်းပျော့မွေးမြူရေးကို ယခင်က တနင်္သာရီတိုင်း၌သာ မွေးမြူခဲ့ဖူးရာ ယခုအခါ ရန်ကုန်တိုင်း၌ စီးပွားဖြစ် မွေးမြူနိုင်ရေး ကြိုးစားနိုင်ခဲ့သည်။ ကဏန်းပျော့များကို ပြည်ပသို့တင်ပို့နိုင်ခဲ့သဖြင့် နိုင်ငံခြားဝင်ငွေလည်း တိုးတက်ရရှိနိုင်သည်။

“ကဏန်းပျော့တွေကို ခင်းကျင်းပြသတာဟာ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာစေဖို့အတွက်ပါ” ဦးနှင်းဦး (ကဏန်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)

ကဏန်းပျော့မွေးမြူရေးနှင့် ပတ်သက်၍လည်း ဦးနှင်းဦးက **“မြန်မာနိုင်ငံမှာရှိတဲ့ ရွှံ့ကဏန်း အမျိုးအစားတွေကို သဘာဝကဏန်းထောင် အလုပ်သမားဆီက ပြန်ဝယ်ပြီး မွေးမြူနိုင်မယ့် ကဏန်းတွေကို ရွေးချယ်ကာ မွေးမြူခြင်းဖြစ်ပါတယ်။ မြေကြီးကန်ထဲမှာ ပလတ်စတစ်ပိုက်တွေ မျှောပြီး ပလတ်စတစ်ခြင်းလေးတွေ တစ်ခုစီမှာ ကဏန်းတစ်ကောင်စီ ထည့်ပြီး အစာကျွေး မွေးမြူရပါတယ်။ အရေခွံလဲမှုကတော့ သာမန်အားဖြင့် ကဏန်းတစ်ကောင်ဟာ သီတင်းနှစ်ပတ်ကနေပြီး သုံးပတ်အတွင်းမှာ အရေခွံလဲတတ်ကြတာမို့ အရေခွံ လဲပြီးခါစ ကဏန်းတွေဆိုရင် ခြင်းထဲမှာ မွေးမြူပြီး ရက်ပိုင်းအတွင်းမှာအရေခွံလဲတတ်ကြတယ်။ ကဏန်းတွေ အရေခွံလဲမလဲ မွေးမြူရေး ဝန်ထမ်းက တစ်နာရီတစ်ကြိမ် ခြင်းတွေကိုယူပြီး စစ်ဆေးတဲ့အခါ အရေခွံလဲနေတဲ့ ကဏန်းတွေယူပြီး အခွံမမာခင် အချိန်အတွင်းမှာ ရေချိုထဲ ထည့်ထားလိုက်ခြင်းဖြစ်ပါတယ်။ ရေချိုထဲ အချိန်မီမထည့်နိုင်ရင် တစ်နာရီအတွင်းမှာ ကဏန်းအခွံပြန်မာသွားနိုင်လို့ အမြန်ထည့်ရခြင်းဖြစ်ပြီး အဲဒါကိုမှ အအေးခန်းထဲမှာ ထည့်ပြီး ကဏန်းပျော့အဖြစ်ရောင်းချခြင်း ဖြစ်ပါတယ်”** ဟု ရှင်းပြသည်။

ရှင်သန်ကြီးထွား

ကဏန်းအပါအဝင် ရေနေသတ္တဝါအများစုမှာ အရေခွံလဲပြီး ရှင်သန်ကြီးထွားကြကြောင်း၊ ယခုအခါ ကဏန်းပျော့ကို နိုင်ငံခြားဝင်ငွေရရှိရေး အတွက် မွေးမြူကြရန်လိုအပ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ ကဏန်းပျော့ကြော်၊ ကဏန်းပျော့ဟင်းများကား ပြည်ပဈေးကွက်၌ လူကြိုက်များလာလျက်ရှိသည်။

ငါးအူချောင်းဆိုသည်မှာ

ရေထွက်ပစ္စည်း ဈေးပွဲတော်အတွင်း ခင်းကျင်း ရောင်းချနေသော ဆိုင်များအနက် ငါးအူချောင်း ရောင်းချသော အရောင်းပြခန်းအတွင်း ဝင်ရောက်လေ့လာခဲ့သည်။ ငါးအူချောင်းမှာ ရေချိုငါးမြစ်ချင်းတစ်မျိုးတည်းကိုသာ ပြုလုပ်ကြောင်း သိရသည်။ ထိုသို့ ရေချိုငါးမြစ်ချင်းကို ပြုလုပ်ရခြင်းမှာ ငါးဖယ် အရသာနှင့်နီးစပ်သောကြောင့်ဖြစ်သည်ဟု ဆိုသည်။

ငါးအူချောင်း ပြုလုပ်ရာတွင် ငါးမြစ်ချင်းကို စက်ဖြင့် အသားခြစ်ထုတ်ပြီး ရရှိလာသော ငါးအသားများအား ငရုတ်သီးနှင့် ကြက်သွန်အပါအဝင် အမွှေးအကြိုင်များထည့်ကာ စက်ဖြင့်ပင် သမအောင် ရောမွှေပြီး ပြန်ပေါင်းသည်။ ထို့နောက် လက်မဝက်ခန့် ငါးအူချောင်းများကို စက်ကြီးများဖြင့် နှစ်ပေခန့်ရှိသော ငါးအူချောင်းများထုတ်လုပ်ခြင်းဖြစ်သည်။

ငါးအူချောင်းများ ထုတ်လုပ်ရာတွင် ဆိုးဆေးမပါ။ အန္တရာယ်ဖြစ်စေတတ်သော ဓာတ်ပစ္စည်းများ လုံးဝ အသုံးမပြုဘဲ ပင်ကိုသဘာဝ အရောင်အတိုင်း ပြုလုပ်ခြင်းဖြစ်သည်။ ငါးအူချောင်းများ ထုတ်လုပ်ရာတွင် ငါးမြစ်ချင်း တစ်ပိဿာကို ငါးအူချောင်း အချိန် ၆၀သားခန့် ရရှိကြောင်း သိရသည်။

ကဏန်းပျော့များကို ဟင်းချက်နည်းအမျိုးမျိုးဖြင့် အမယ်မျိုးစုံ ဤသို့တွေ့ရသည်။

ငါးအူချောင်းများကလည်း စားချင်စဖွယ်။

ငါးအသားလွှာပုံ

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ရန်ကုန်တိုင်း ပြခန်းမှ ငါးအသားလွှာမှု လက်တွေ့ပြသနေသည်ကလည်း စိတ်ဝင်စားစရာ ကောင်းသည်။ တီလားပီးယားငါးကို ကိုင်ကာ ငါး၏ ကုပ်ပိုးပိုင်းမှနေ၍ ဓားဦးဖြင့် အမြီးပိုင်းအထိ လှီးချလိုက်သည်။ ထိုသို့ ဓားဖြင့်အသားလွှာ လှီးချရာတွင် ငါး၏ ကျောမှပြန်ခွဲပြီး ဝမ်းဗိုက်အထိ တစ်ဆက်တည်း လွှာချလိုက်ရာ ငါးအသားလွှာ တစ်ခြမ်းကို ရရှိလေသည်။

ထိုနည်းအတူ ကျန်ငါးတစ်ခြမ်း ကိုလည်း အထက်ပါနည်းအတိုင်း လွှာချလိုက်သည်နှင့် ငါးတစ်ကောင်လုံးတွင် အသားလွှာနှစ်ခြမ်း ရရှိသည်။ ထိုအသားလွှာ ငါးခြမ်းများကို အရေခွံနှင့် အသားအကြား ဓားထိုးပြီး လွှာချလိုက်သည်နှင့် ငါးအရေခွံနှင့်အသားမှာ သီးခြားစီ ဖြစ်သွားသည်။ ထို့နောက် ဝမ်းဗိုက်ပိုင်းတွင်ရှိသော အရိုးများကို ပြန်ထုတ်လိုက်သည့်အခါ အရိုးမပါ၊ အရေခွံမပါသော ငါးအသားလွှာများ ရရှိလာသည်။

ရရှိလာသော ငါးအသားလွှာများကို အချောင်းများ၊ ငါးလုံးများအဖြစ် ဆန်မှုန့်နှစ်ဖြင့် ကြော်စားခြင်းအပြင် အခြားနည်းလမ်းစုံအသုံးပြု၍ စားသုံးနိုင်လေသည်။ ငါးအူချောင်း၊ ငါးအသားလွှာပြခန်းနှင့် ကဏန်းပျော့ ပြခန်း၌ ဈေးပွဲတော်လာ ပြည်သူများဖြင့် စည်ကားလျက်ရှိနေရာ ဗဟုသုတလည်းရ၊ ရေထွက်ပစ္စည်းများလည်း မြည်းစမ်းခွင့်ရသည့် ရေထွက်ပစ္စည်း ဈေးပွဲတော်ပင် ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

အရေခွံလဲနေတဲ့ ကဏန်းတွေယူပြီး အခွံမမာခင်အချိန်အတွင်းမှာ ရေချိုထဲထည့်ထားလိုက်ခြင်း ဖြစ်ပါတယ်။ ရေချိုထဲအချိန်မီမထည့်နိုင်ရင် တစ်နာရီအတွင်းမှာ ကဏန်းအခွံပြန်မာသွားနိုင်လို့ အမြန်ထည့်ရ ခြင်းဖြစ်ပြီး အဲဒါကိုမှ အအေးခန်းထဲမှာထည့်ပြီး ကဏန်းပျော့ အဖြစ်ရောင်းချခြင်းဖြစ်။

ငါး အသားလွှာ

ငါး အသားလွှာမှု လက်တွေ့ပြသနေသည်ကလည်းစိတ်ဝင်စားစရာ။

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

တရားပွဲများ ကျင်းပမည်

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် သိရီရတနာ ကံဇေယျကျောင်းတိုက် ပဓာနနာယက ဒေးဒရဲမြို့ တောကျောင်းတိုက်နှင့် စိန္တာမုနိကျောင်းတို့၏ စီမံအုပ်ချုပ်မှု နာယကအဖွဲ့ဝင် ဆရာတော် ရောရွှေမြေ အရှင်ဥတ္တမသိရီတက္ကသိုလ် ဓမ္မာစရိယ၊ မဟာ(ကျမ်းပြု)၊ မဟာဝိဇ္ဇာ(နှစ်ထပ်ကွမ်း)(ကိုလံဘို)သည် (နတ်တော်လပြည့်ကျော် ၁၁ ရက်)ဇန်နဝါရီ ၄ ရက်(သောကြာနေ့)ညတွင် ရန်ကုန်တိုင်း တွံတေးမြို့ ကွမ်းခြံရပ်ကွက် ဆဋ္ဌမအကြိမ် သက်ကြီးပူဇော်ပွဲမဏ္ဍပ်၌ တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဆောင်းရာသီ တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတဖြူးမဟာစည် သာသနာ့ရိပ်သာအတွင်း၌ ဆောင်းရာသီတရားစခန်းပွဲကို ဇန်နဝါရီ ၈ ရက်မှ ၂၂ ရက် (၁၃၆၉ခုနှစ် ပြာသိုလဆန်း ၁ရက်မှ ပြာသိုလပြည့်နေ့)အထိ ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ(သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ)ဦးဆောင်၍ ၁၅ရက်တိုင်တိုင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်း ဝင်ရောက်အားထုတ်လိုသူများ ရိပ်သာဖုန်း- ၅၃၀၀၆၈၊ ၅၀၁၈၄၆၊ လိုင်းခွဲ(၁၈၁)နှင့် ၀၉-၅၀-၁၇၅၅၄တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လူမှုရေးအကျိုးပြုလုပ်ငန်းဆောင်ရွက်ရေး ဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၂နာရီက အသင်းဧည့်ခန်းမ၌ကျင်းပရာ ပြည်နယ်အသင်းအတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက မိတ်ဆက်စကားပြောကြားပြီး ဦးဘိုနီနှင့် သီပေါကိုလတ်တို့က စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ဒေသဖွံ့ဖြိုးရေး၊ လူမှုရေးအကျိုးပြုလုပ်ငန်းများကို အထောက်အကူပြု ဆောင်ရွက်သွားရန်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း စာပေဟောပြောပွဲများ စီစဉ်ကျင်းပသွားရန် ဆုံးဖြတ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မတ္တရာမြို့နယ် ပြန်/ဆက်ဦးစီး စာဖတ်ပွဲ

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၀ရက်က အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ နဝမတန်းကျောင်းသား မောင်ဇင်မင်းဦးက ဆင်ကရွာမှ အလင်းအိမ် ဆောင်းပါးကို လည်းကောင်း၊ နဝမတန်းကျောင်းသူ မချမ်းမြေ့ကျော်က စာတတ်သူ၊ စာဖတ်သူ ဆောင်းပါးကို လည်းကောင်း၊ နဝမတန်းကျောင်းသူ မခင်သဇင်ကျော်က အသက်ရှည်စွာ အနာမဲ့ကြောင်း ဆောင်းပါးကို လည်းကောင်း အသီးသီး ဖတ်ပြ ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်ရေရရှိရေး လုပ်ငန်းများဆောင်ရွက်

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်လျက်ရှိရာ မိုးကိုးကျေးရွာအုပ်စု မယ်လိပါကော်ကျေးရွာတွင် ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၃) ဦးမြင့်နိုင်ခေါင်းဆောင်သော ဝန်ထမ်းများနှင့် ဆောင်ရွက်နေမှုအား ဒီဇင်ဘာ ၁၁ရက်က အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းတို့ကကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။(မြို့နယ်စည်ပင်)

သိမ်ကျောင်းတော်ကြီး ဆောက်လုပ်ရန် လှူဒါန်းနိုင်

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဆင်စခန်းအုပ်စု အုန်းခြံအနီး အစိုးရ ဓမ္မာစရိယ ဘဒ္ဒန္တကုသလ တည်ထောင်အုပ်ချုပ် ဆောက်လုပ်လျက်ရှိသော သစ္စာမဏ္ဍိုင် အေးငြိမ်းချမ်းသာ ဓမ္မရိပ်သာကျောင်းတိုက်အတွင်း၌ တည်ဆောက်မည့် သိမ်ကျောင်းတော်ကြီးအတွက် အလှူငွေများ လိုအပ်လျက်ရှိရာ လှူဒါန်းလိုပါက ဖုန်း-၀၁-၃၈၂၇၅၆ သို့ ဆက်သွယ်နိုင်ကြောင်းနှင့် အိမ်သာ၊ ရေချိုးခန်း၊ မဟာရံတံတိုင်းတစ်ခန်းလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် မည်သူမဆို လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မင်းပြား၌ စာဖတ်ဝိုင်းကျင်းပ

စစ်တွေခရိုင် မင်းပြားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သောင်းရွှေ ဦးဆောင်သော စာဖတ်ဝိုင်းကို နိုဝင်ဘာ၃၀ရက် မွန်းလွဲ ၂နာရီက မြို့နယ်ရုံး စာကြည့်ခန်းမတွင် ကျင်းပရာ ဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ်(၂၁)တွင်ပါရှိသော မင်းယုဝေ၏ သရက်ပင်နှင့် ခွေးတောက်ပင်ဆောင်းပါးကို စာကြည့်တိုက် လက်ထောက်(၃) ဒေါ်ခင်နီနီလွင်က ဖတ်ကြားဆွေးနွေးရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ငြိမ်းချမ်းရေး နှင့် ကမ္ဘာကျော် ☺ ပြည်လုံးချမ်းသာ

မိသားစုထီဆိုင်ကြီး နှစ်သစ်မင်္ဂလာ ဂုဏ်ပြုဆုတောင်းလွှာ

(၂၂၈)ကြိမ်မြောက် ကျပ်သိန်း 500 အထူးဆုကြီးကို ဠ 132539 ဖြင့်

၂၀၀၈-ခု နှစ်သစ် နှစ်ဦးမှာ ဦးဦးဖျားဖျား ထူးထူးခြားခြား(ဒုတိယအကြိမ်) ဆွတ်ခူးရရှိသွားသည့်အတွက်
ဝမ်းမြောက် ဝမ်းသာ ဂုဏ်ယူမိပါကြောင်းနှင့် နောင်လာမည့် အကြိမ်စဉ်များတွင်လည်း
ဆက်လက်ဆွတ်ခူးနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

☺ စိုးမိုးကျော်နှင့်ဝိုင်းဝိုင်းလည် ☺ မဟာအောင်ကုဋေဟိန်း ☺ မင်္ဂလာရွှေမောင်း ☺ ခိုင်ရွှေဝါ
☺ ရတနာသိန်းထိုက်အောင် ☺ ရတနာပုံ ☺ ချစ်ကြည်ရေးနှင့်ကမ္ဘာသစ် ☺ ကန်ကော်လေး ☺ အမေ့အိမ် **ထီဆိုင်ကြီးများ**

◆ တက်နေဝင်း ရေခဲမုန့် လုပ်ငန်း (စမ်းချောင်း) ◆ နီနီဝင်း ငါးဖယ်မုန့်လုပ်ငန်း (ဝါးခယ်မ)

မျှော်စင်ကျွန်းမှစိန်ခေါ်သံ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ အယ်ထီးကော်နှင့်ရန်ကြီးအောင် ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ (MDG Co., Ltd.)၏ အဓိကပံ့ပိုးကူညီမှုဖြင့် T & T Group က တာဝန်ယူ ကျင်းပသော ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၆) မြန်မာ့ရိုးရာလက်ဝှေ့ပွဲကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) (ယနေ့) **ညနေ ၆နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာ(မျှော်စင်ကျွန်း)၌ ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်သည်။**

ရန်ကြီးအောင် (မြို့တော်စည်ပင်)နှင့်ယှဉ်ပြိုင်ထိုးသတ်မည့် သမ္ဘာရင့် ဝါရင့်လက်ဝှေ့ကျော် အယ်ထီးကော် (K.L.N)။

ဒုတိယအကြိမ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ငါးချီသရေပွဲဖြစ်ခဲ့သည်။ တွံတေးမြို့ပွဲတွင် အယ်ထီးကော်၏ပွဲသိမ်းတိုက်စစ်ကို ရန်ကြီးအောင် အလဲလဲအပြိုပြိုဖြင့် ရှောင်တိမ်းခဲ့ရသည်။ ငယ်ဂုဏ်နှင့် သက်လုံကောင်းပြီး ပါးနပ်လျင်မြန်သော တက်လူ ရန်ကြီးအောင်အနေဖြင့် တွံတေးမြို့ပွဲမှ အားနည်းချက် အားသာချက်များကို မည်သို့ပြင်ဆင်လေ့ကျင့်ထားသလဲဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ဆွဲဆောင်အားကောင်း

အယ်ထီးကော်က အသက် ၃၄နှစ်၊ ရန်ကြီးအောင်က အသက် ၂၄နှစ်၊ အသက်အရွယ်အားဖြင့် ဆယ်စုနှစ်တစ်ခုခန့် ကွာခြားသော လက်ဝှေ့သမားနှစ်ဦးဆုံတွေ့ခြင်းကလည်း တစ်မျိုးတစ်ဘာသာ ဆွဲဆောင်အားကောင်းနေသည်။ မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၁)၌ သမ္ဘာရင့်ဝါရင့်ရွှေဝါထွန်းနှင့် မြန်မာပြည် အလွတ်တန်းချန်ပီယံ တက်လူ လုံးချော(K.L.N)တို့ ဆုံတွေ့စဉ်ကလည်း ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး ရိုးရာလက်ဝှေ့ပရိသတ်များ အထူးအကြိုက်တွေ့ခဲ့ကြသည်။

ရှုစားအားပေး

ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၆) မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွင် ရွှေခါးပတ်ချန်ပီယံ အယ်ထီးကော် (K.L.N)နှင့် ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင်(မြို့တော်စည်ပင်)တို့၏ စိတ်မကျေပွဲကို ရှုစားအားပေးကြရမည်ဖြစ်သည်။

အယ်ထီးကော်နှင့် ရန်ကြီးအောင်တို့သည် ၂၀၀၇ ခုနှစ်အတွင်းက နှစ်ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ရန်ကြီးအောင်က တစ်ပွဲအနိုင်ရပြီး တစ်ပွဲ သရေကျခဲ့သည်။ ၂၀၀၇ ခုနှစ် ကိုယ်အလေးချိန်အတန်းလိုက် မြန်မာ့ရိုးရာလက်ဝှေ့ရွှေခါးပတ် ချန်ပီယံလုပွဲတွင် ရန်ကြီးအောင်က အယ်ထီးကော်ကို အမှတ်ဖြင့်အနိုင်ရရှိပြီး ရွှေခါးပတ်ချန်ပီယံဆု ရရှိခဲ့သည်။

ငါးချီသရေပွဲ

၂၀၀၇ ခုနှစ် အောက်တိုဘာလအတွင်းက ရန်ကုန်တိုင်း တွံတေးမြို့၌ အယ်ထီးကော်နှင့် ရန်ကြီးအောင်တို့

သိက္ခာဆယ်ပွဲ

ယခုပွဲစဉ်မှာ အစဉ်အလာကောင်းခဲ့သည့် တစ်ကျော့ပြန် အယ်ထီးကော်၏ သိက္ခာဆယ်ပွဲဖြစ်သကဲ့သို့ရန်ကြီးအောင်အတွက်ဆိုလျှင်လည်း ပထမတန်းလက်ဝှေ့ကျော်ဖြစ်ကြောင်း ထပ်မံမှတ်ကျောက်တင်ရမည့်ပွဲစဉ်ဖြစ်သည်။

ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၆) မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွင် အယ်ထီးကော်နှင့် ရန်ကြီးအောင်တို့၏ ထိပ်တန်းအဆင့်ပွဲစဉ်အပါအဝင် ငါးချီစိန်ခေါ်ပွဲ၊ အထူးငါးချီ အမျိုးသမီးစိန်ခေါ်ပွဲနှင့် အထူးလေးချီမျိုးဆက်သစ် စိန်ခေါ်ပွဲစုစုပေါင်း ရိုးရာလက်ဝှေ့ပွဲ ခုနစ်ပွဲယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

သတင်းဆောင်းပါး

ကိုထွေး

ငါးချီ စိန်ခေါ်ပွဲများအဖြစ် ရွှေထွန်းယုံ (ဘိလပ်မြေစက်ရုံ)နှင့်ရွှေခါးပတ် ချန်ပီယံဒေါနအောင်(ရွှေလက်ရာ)၊ ရွှေခါးပတ်ချန်ပီယံစစ်သွေး (ဘိလပ်မြေစက်ရုံ)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရ သိုးကောင်း(မြန်မာပြည်သား)၊ ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်း (ဘိလပ်မြေစက်ရုံ)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရဖွဲ့သတ္တိ (သူရဲကောင်း)၊ သားသား (K.L.N)နှင့် ဗသုံပန်ဆက် (မြန်မာပြည်သား)တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

အယ်ထီးကော် (K.L.N)နှင့် ယှဉ်ပြိုင် ထိုးသတ်မည့် တက်လူ ပထမတန်းလက်ဝှေ့ကျော် ရန်ကြီးအောင် (မြို့တော်စည်ပင်)။

ရိုးရာလက်ဝှေ့ပရိသတ်များ အထူးစိတ်ဝင်စားကြည့်ရှုကြရမည့် အထူးငါးချီ အမျိုးသမီးစိန်ခေါ်ပွဲအဖြစ် သံရိုင်းမ(မြန်မာပြည်သား)နှင့် စုလှိုင်ဦး (ပက်မစိန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ အထူး လေးချီမျိုးဆက်သစ် စိန်ခေါ်ပွဲအဖြစ် ရိုးရာလက်ဝှေ့ပရိသတ်မျက်စိကျခြင်းခံရသောသိုးထိန်း (မြန်မာပြည်သား)နှင့် လုစ်လုစ်လေး (သူရဲကောင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းကွာတားဖိုင်နယ်ပွဲစဉ်များကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

၂၀၀၇ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုနှင့် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပိုက်ကျော်ခြင်း အားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်းက အမှတ်(၂) လျှပ်စစ်ဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ အားကစားဝန်ကြီးဌာနအသင်းက ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းကို လည်းကောင်း အသီးသီးအနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ယှဉ်ပြိုင်ကစားမည်

ဇန်နဝါရီ ၄ရက် နံနက် ၉နာရီတွင် အကြိုဗိုလ်လုပွဲစဉ်များအဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖြူးမြို့ အထက(၂) အာစရိယ ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃

ဖြူးမြို့ အထက(၂)၊ ယခင် အုတ်ဖြတ်လမ်း အလယ်တန်းကျောင်းတွင် ၁၉၅၂ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း ပညာသင်ကြားပေး၍ အငြိမ်းစားယူသွားကြသော သက်ကြီးဆရာကြီး၊ ဆရာမကြီးများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၉ရက် (စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ ကျောင်းသားဟောင်းများအားလုံးနှင့် ပညာသင်ကြားဆဲ ကျောင်းသူ ကျောင်းသားများအားလုံး တက်ရောက် ပူဇော်ကြရန် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

သာကေတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်၄၆ ဦး စုပေါင်းနုတ်ထွက်လွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်း သာကေတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၄၆ဦး စုပေါင်းနုတ်ထွက်လွှာပေးအပ်ပွဲကို ဇန်နဝါရီ၂ရက်တွင် သာကေတမြို့နယ် ၁၀/တောင်(၁၃)ရပ်ကွက် သလ္လာဝတီလမ်းမကြီးနှင့် ခိုင်ရွှေဝါ ၂လမ်းထိပ်ရှိ ဗုဒ္ဓမဟာဝိဟာရ နှစ်ကျိပ်ရှစ်ဆူ ဗဟိုဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။

နုတ်ထွက်လွှာပေးအပ်ပွဲတွင် သာကေတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရပ်ကွက်အတွင်းရေးမှူး ဒေါ်ခင်သန်းဌေးက NLD ပါတီနှင့် ၎င်းတို့သဘောထားကိုက်ညီမှုမရှိ၍ ဆက်လက်ပူးပေါင်းလုပ်ဆောင်ရန် ဆန္ဒမရှိတော့သဖြင့် ယခုကဲ့သို့ ၎င်းတို့သဘောဆန္ဒအလျောက် နုတ်ထွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သာကေတမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဦးမြကြိုင်ထံ နုတ်ထွက် NLD ပါတီဝင် ၄၆ဦး၏ကိုယ်စား နုတ်ထွက်လွှာများကို ပေးအပ်ခဲ့သည်။

နုတ်ထွက်လွှာပေးအပ်ခဲ့သူ ၄၆ ဦးမှာ ဒေါ်ခင်သန်းဌေး၊ ဒေါ်သန်းသန်းအေး၊ ဒေါ်ပြုံးရီ၊ ဒေါ်ဇင်မာထွန်း၊ ဦးရဲလွင်ဦး၊ ဦးကျော်ဇင်၊ မဌေးဌေးမာ၊ ဦးထွန်းထွန်းဦး၊ ဦးမျိုးသူ၊ ဒေါ်ဝင်းယဉ်၊ မခင်မာဌေး၊ ဒေါ်မြင့်၊ မမူမူကျော်၊ ဒေါ်စန်းမြင့်၊ ဦးမင်းမင်း၊ ဦးမင်းလွင်၊ ဒေါ်မြသစ်နွယ်၊ ဒေါ်သန်းသန်းဌေး၊ ဦးညွန့်ဝင်း၊ ဦးထွန်းဦး၊ ဒေါ်သန်းဝင်း၊ ဒေါ်နွဲ့နွဲ့စန်း၊ ဦးလှကြိုင်၊ ဒေါ်လှလှထွေး၊ ဒေါ်လှအုံးမယ်၊ ဦးတင်စိုး၊ ဦးညီညီနိုင်၊ မမိုးသီတာ၊ မဇင်ဇင်၊ ဦးဘော်ဘော်၊ မခင်မို့မို့၊ မသင်းသင်းမော်၊ ဦးကျော်ညွန့်၊ ဒေါ်အေးသန်း၊ မစု၊ဒေါ်ပြုံးကြည်၊ ဦးမင်းအောင်၊ ဒေါ်စန်း၊ ဒေါ်အေးချို၊ ဒေါ်နုနုခိုင်၊ ဒေါ်မာဦး၊ ဒေါ်တင်တင်နွယ်၊ ဒေါ်တင်တင်ဝင်း၊ ဦးမင်းမင်းထွန်း၊ ဦးအောင်ကျော်သက်နှင့် မဇင်နွယ်ဦးတို့ ဖြစ်ကြသည်။

သာကေတ NLD ပါတီဝင် ၄၆ ဦးတို့သည် ၎င်းတို့၏ နုတ်ထွက်လွှာများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အသီးသီးသို့လည်း ပေးပို့ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂၉)၁၀၉ လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဗိုလ်ကြီးစိုးသိန်း(ငြိမ်း) ဒေါ်အုန်းနု မိသားစုက ဒေါ်ခင်ပုအား ရည်စူး၍ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်းက လက်ခံယူစဉ်။ (က-ပ)

ကြို့ပင်ကောက်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ

ကြို့ပင်ကောက် ဇန်နဝါရီ ၂

ကြို့ပင်ကောက်မြို့နယ်အသင်း၏ ၂၀၀၇ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ အသင်းဝင်များ၏ ထူးချွန်သားသမီးများသို့ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် စည်ပင်သာယာရေး ဓမ္မာရုံ ရွှေတိဂုံဘုရားလမ်း ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

အသက်(၈၀)နှင့်အထက် အဘိုးအဘွားများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သည့် သားသမီးများနှင့် အလှူရှင်များသည် ဦးဝမ်းလှိုင် ဖုန်း-၅၁၆၄၀၁၊ ဦးတင်မြင့် ဖုန်း-၆၄၄၈၀၀၊ ၆၄၄၄၁၃ နှင့် ဦးခင်နု ဖုန်း- ၃၇၅၀၃၈၊ ၃၇၅၄၀၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မိုးညှင်းမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၈ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းလွင်နှင့် အမှုဆောင်အရာရှိ ဦးသိန်းနိုင်တို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိန်လှအောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

မြင်းခြံမြို့နယ်စည်ပင် ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ကတ္တရာလမ်းခင်း

မြင်းခြံ ဇန်နဝါရီ ၁

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကို ကတ္တရာခင်းခြင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ၁ရက်က မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူဆောင်ရွက်မည့် တံတားဦးမြို့နယ် အလယ်ရွာမှ ချောင်းဦးရွာအထိ အရှည် ၁၂မိုင်၊အကျယ်၁၂ပေ ကတ္တရာခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးကျော်သူအောင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(က-ပ)**

ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး တောင်ဘက်ခြမ်း ရွှေသာလျောင်းလမ်းရေမြောင်းရေစီးရေလာ ကောင်းမွန်ရေးနှင့် ရေမြောင်းအတွင်း အမှိုက်များ ဆယ်ယူ ရှင်းလင်းမှုကို ဒီဇင်ဘာ ၂၃ ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦး တိုး မြင့် အောင်ကြီး ကြပ် ဆောင်ရွက်စဉ်။ (၁၅၈)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
နတ်တော်လပြည့်ကျော် ၁၂ ရက်
၅-၁-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၀၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
  - (၁) ဝေးရခြင်းရဲ့အကြောင်း (R ဇာနည်-ရတနာဦး)
  - (၂) အချစ်ပြီးတော့အချစ် (ချစ်ကောင်း-ဟေမာနေဝင်း)
  - (၃) အပြိုင်အဆိုင်ဖူးစာ (တူးတူး-မေခလာ)
- ၀၉း၄၅ အာဆီယံအစီအစဉ်
- ၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (အလှအပစုံတဲ့ Vitaco ၏ ထုတ်ကုန်များအကြောင်း)
- ၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
  - (၁) လွတ်လပ်ရေးအမွေတည်တံ့စေ (ခေါင်းကြီး)
  - (၂) ထာဝရအဓိဋ္ဌာန် (ဆောင်းပါးသရုပ်ဖော်)
- ၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
- ၁၂း၁၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ (လွတ်လပ်ရေးကိုချစ်မြတ်နိုးသည်)
- ၁၃း၁၀ ပညာရေးအစီအစဉ် (တက္ကသိုလ်ဝင်တန်း-ရူပဗေဒ) (Modern Physics)

ညနေပိုင်း

- ၁၆း၁၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (မြန်မာစကားစနစ်နှင့် မကိုက်ညီသောသုမ- မောင်ခင်မင်-ဓနုဖြူ)
- ၁၆း၁၅ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) ပန်းကမ္ဘာလေးဖြတ်ပြေးသွားတယ် (စိန်မောင်မြင့်)
  - (၂) ဘယ်ပန်းသာလို့ယဉ် (လီလီသန်း)
  - (၃) တစ်ဆောင်းသစ်ပြန်ပြီ (ကိုသန်းလှိုင်)
- ၁၇း၀၀ ခေတ်ဟောင်းတေး
  - (၁) မေ့ပါနိုင် (ပြည်လှဖေ)
  - (၂) ရွှေဘိုသနပ်ခါး (မန္တလာမြင့်)
  - (၃) မောင့်သက်လယ်(ဂီတာစိမ်းမောင်)
- ၁၇း၁၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
- ၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (လိုက်စားသင့်သော အားကစားနည်း ၁၀ မျိုး)
- ၁၈း၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
- ၁၈း၄၀ လုပသာယာအိမ်ဂေဟာ (အီလက်ထရွန်နစ်ပစ္စည်းများနှင့် ပြည့်စုံစေရာ)
- ၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး ချိုကြည်သာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ပိုးအိစံ၏ နှလုံးသားသစ္စာ အရိန္ဒမာတေးစီးရီး
- ၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)
- ၂၀း၄၅ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) မွှေးလွန်းသည့်ပန်း(စန္ဒရားချစ်ဆွေ)
  - (၂) ဆောင်း (တင်တင်မြ)
  - (၃) ပန်းတမာလား ချစ်သူလား (ခင်မောင်ကြီး)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသထွက်ကုန်များ မြို့သို့ လွယ်ကူစွာရောက်ရှိစေရန်နှင့် ကျေးလက်လမ်းများ ကောင်းမွန်အောင်ဆောင်ရွက်လျက်ရှိရာ ဝမ်မာကျေးရွာသွားလမ်း မြေသားလမ်းမှ ကျောက်ချောလမ်းခင်းခြင်းကို ဒီဇင်ဘာ ၁၂ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းတရားရုံး
တွဲဖက်တိုင်းတရားသူကြီး(၉)ရုံး
၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၇၆

၁။ ဒေါ်တင်မေ	**နှင့်**	၁။ ဒေါ်ခင်ကြည်
၂။ ဦးတင်ရ		၂။ မောင်မြင့်ဦး
(ကွယ်လွန်သူဒေါ်သိန်းခြို၏ တရားဝင်ကိုယ်စားလှယ်များ)		၃။ မအေးအေးမော်
တရားလိုများ		**တရားပြိုင်များ**

ရန်ကုန်တိုင်း၊ သာကေတမြို့နယ် (၁၀)ရပ်ကွက် နွယ်နီ(၂)လမ်း အမှတ်(၁၃၁၆)နေ တရားပြိုင်မောင်မြင့်ဦးနှင့် မအေးအေးမော်(ယခုနေရပ်လိပ်စာ မသိသူတို့) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက တရားလိုများ၏ဖခင် ကွယ်လွန်ပြီးနောက် ကျန်ရစ်သည့်ပစ္စည်းများအပေါ် ပထမဇနီးဖြစ်သော တရားလိုများ၏ မိခင် ဒေါ်သိန်းခြို (အမှုကာလအတွင်းကွယ်လွန်) ရထိုက်ခွင့်ရှိသော ပစ္စည်းအစုများအပေါ် ဝေစုစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၇ရက် (၁၃၆၉ခုနှစ် ပြာသိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၉း၃၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးခိုင်
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းတရားရုံး။

သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်ရန်ပြေစိုး ၁၃/ကခန(နိုင်)၀၁၇၀၈၂ သည် မိဘများနှင့် မိသားစုအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူဆက်ဆံခဲ့ပါသဖြင့် ၁-၁-၂၀၀၈ ရက်မှစ၍ သားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော အရှုပ်အရှင်း ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

ဒုအရာခံဗိုလ်သန်းအေး
လားရှိုးမြို့။

ထွင်း အပ်ချုပ်သင်တန်း
အမှတ်(၅၈)မြေညီထပ်၊လမ်း-၂၀
အောက်ဘလောက်၊ လသာမြို့နယ် ☎C/O-388340
- ဘာသာစုံ တစ်လခွဲအတတ် အထူးသင်တန်း
- ဝန်ထမ်းများအတွက် အချိန်ပိုင်းသီးသန့်သင်တန်း
- စင်တီမီတာနည်း/လက်မနည်းများနှင့် သင်ယူနိုင်သည်။
- ကိုယ်ပိုင်ဆိုင်ဖွင့်နိုင်သည်အထိ ပံ့ပိုးကူညီပေးသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

(အိတ်ပိတ်တင်ဒါခေါ်ယူခြင်း)

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ပိတ်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တာယာ

စဉ်	အမျိုးအစား	အရေအတွက်
၁။	235 x 70R16 (NYLON)	၁၇ လုံး
၂။	215 x 65R15 (NYLON)	၃၆ လုံး
၃။	30 x 9.5R15 (NYLON)	၁၀ လုံး
၄။	205 x 70R14 (NYLON)	၂၆ လုံး
၅။	165 x 70R13(NYLON)	၂၃ လုံး

ဘက်ထရီ

စဉ်	အမျိုးအစား	အရေအတွက်
၁။	50 AH	၃၄ လုံး
၂။	70/75 AH	၄၆ လုံး
၃။	120 AH	၁၁ လုံး

၂။ တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန် - ၁၀-၁-၂၀၀၈ ရက် နံနက် ၉း၃၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအတွင်း

၃။ တင်ဒါပေးသွင်းရမည့်နေရာ
- ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်။
- ညွှန်ကြားရေးမှူးရုံး၊စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲ၊သဇင်ရုံလမ်း (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၄။ တင်ဒါပုံစံများကို ၇-၁-၂၀၀၈ ရက်မှစတင်၍ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာန ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် ညွှန်ကြားရေးမှူးရုံး၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၀၇၆၊ ၀၁-၆၅၁၀၃၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်(၃၂)၊ နေပြည်တော်။

သီပေါမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံဖွင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဆွေးနွေး

သီပေါ ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်တွင် ဖွင့်လှစ်ပြီး ကျေးလက်ဒေသ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကိုယ်ပိုင်စာကြည့်တိုက်အဆောက်အအုံဖြစ်ရေးအတွက် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၂၃ ရက်နံနက်၉နာရီက သီပေါမြို့နယ် ကုန်းသာကျေးရွာအုပ်စုတွင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ ရှင်းလင်းပွဲကို အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြနှင့်ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းလူတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းစိန်လင်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများက ချမှတ်သည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ စာအုပ်မှ နိုင်ငံတော်အခြေခံမူများကိုလည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြက နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံကို လည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းပြုံးချိုက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြရာ မြို့နယ်ဦးစီးမှူး ဦးစိုင်းသာလှိုင်က ဖတ်ကြားဆွေးနွေးမှုများကို ခြုံငုံသုံးသပ် ရှင်းလင်းသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး အဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒါတိုမက်ဇ်လန်ဘင်မိုဟာမက်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ *

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒါတိုမက်ဇ်လန်ဘင်မိုဟာမက် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံနှင့်လူမျိုးအကျိုး မိမိတို့တတ်သိကျွမ်းကျင်ရာ အသိပညာ၊ အတတ်ပညာစွမ်းအားဖြင့် မြှင့်တင်စွမ်းဆောင်

၂၀၀၇-၂၀၀၈ ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၃

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော် တပ်ကုန်းတို့မှ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဘက်စုံပညာထူးချွန်ဆုရရှိသော ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြု

❒ **စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကသာ နိုင်ငံတစ်နိုင်ငံရဲ့ လွတ်လပ်ရေးအရသာကို ဖန်တီး ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။**

မြင့်ဝေလှိုင်၏ လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏အရသာ ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပါ အထူးထုတ် (စာ - ဃ၊ ၁၊ ဂ)

❒ **လွတ်လပ်ရေးအသိ၊ လွတ်လပ်ရေးသတိ**

မြင်းမူမောင်နိုင်မိုး၏ ကဗျာ အထူးထုတ် (စာ - ဂ)

❒ **လက်တွဲညီညီ ရွှေ့သို့ချီသော်**

ပန်းတောင်းသန်းကြွယ်၏ ကဗျာ (စာ - ဇ)